PROVEN
GROUP OF COMPANIES

# ANNUAL REPORT
## 2024 - 2025




www.proven.com.mm



# Proven Group of Companies
# နှစ်ပတ်လည် အစီရင်ခံစာ

Proven Group of Companies နှစ်ပတ်လည် အစီရင်ခံစာသည် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် အစုရှယ်ယာရှင်များ၊ သက်ဆိုင်ရာ ပတ်သက်ဆက်နွယ်နေသူများ (Stakeholders)အား သိရှိနိုင်ရန် တင်ပြအစီရင်ခံထားပါသည်။

ယခု နှစ်ပတ်လည်အစီရင်ခံစာသည် Proven Group of Companies၏ လုပ်ငန်းအဝန်းအဝိုင်း၊ စီမံအုပ်ချုပ်မှု၊ လုပ်ငန်း သဘာဝအရ လိုက်နာ ကျင့်သုံး တင်ပြရမည့် နိုင်ငံတကာ သတ်မှတ် စံချိန်စံနှုန်းများ အထူးသဖြင့် AA1000 ၊ GRI ၊ SDGs နှင့် Integrated Reporting များနှင့် အညီ လိုက်နာရေးသား တင်ပြထားပါသည်။

# မာတိကာ


The Corporate Outline
ဥက္ကဋ္ဌ၏ဥယျာဇဉ်
အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ
The Corporate Profile
အခန်း(၁)
PROVEN GROUP OF COMPANIES

၁.၁ သမိုင်းအကျဉ်းချုပ်
- ၁.၁.၁ ဖွဲ့စည်းပုံ
- ၁.၁.၂ Business Model
- ၁.၁.၃ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထား သည့်တန်ဖိုး သတ်မှတ်ချက်များ နှင့် ကတိကဝတ်
- ၁.၁.၄ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ နှင့် ဆုတံဆိပ်များ

၁.၂ လုပ်ငန်း အဝန်းအဝိုင်း
- ၁.၂.၁ Proven Group of Companies Co., Ltd.
- ၁.၂.၂ Proven Distribution Co., Ltd.
- ၁.၂.၃ Proven Technology Industry Co., Ltd.
- ၁.၂.၄ Proven PolyWorld Co., Ltd.
- ၁.၂.၅ Proven International Co., Ltd.
- ၁.၂.၆ Yangon Metal Industry Co., Ltd.
- ၁.၂.၇ Proven Auto Co., Ltd.
- ၁.၂.၈ Proven Energy Co., Ltd.
- ၁.၂.၉ Proven Properties Co., Ltd.
- ၁.၂.၁၀ Proven Engineering Co., Ltd.
- ၁.၂.၁၁ Proven Autoparts and Care Co., Ltd.

၁.၃ ဝင်ငွေ ရရှိမှု
- ၁.၃.၁ ဝင်ငွေ
- ၁.၃.၂ ရင်းနှီးမြှုပ်နှံငွေနှင့်ကြွေးမြီအချိုး (Capital Investment and Debt Ratio Structure)

၁.၄ ပိုင်ဆိုင်မှု

၁. ၅ အနာဂတ် အစီအစဉ်များ

# မာတိကာ


၁.၆ စိန်ခေါ်မှုများအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်း

Corporate Governance

အခန်း(၂)

ခေါင်းဆောင်မှုနှင့် စီမံအုပ်ချုပ်မှု

၂.၁ CEO ၏ အမှာစကား

၂.၂ ဒါရိုက်တာ အဖွဲ့

- ၂.၂.၁ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ
- ၂.၂.၂ ဒါရိုက်တာအဖွဲ့
- ၂.၂.၃ ဒါရိုက်တာများ လေ့ကျင့် ပျိုးထောင်မှု အစီအစဉ်
- ၂.၂.၄ ဒါရိုက်တာအဖွဲ့ အစည်းအဝေး ကျင်းပမှု
- ၂.၂.၅ နှစ်ပတ်လည် စုံညီအစည်းအဝေး ကျင်းပမှု

၂.၃ စီမံခန့်ခွဲမှု အဖွဲ့

၂.၄ ဒါရိုက်တာအဖွဲ့၏ ကော်မတီများ

- ၂.၄.၁ အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီ
- ၂.၄.၂ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှုကော်မတီ
- ၂.၄.၃ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီ
- ၂.၄.၄ စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာကော်မတီ

Corporate Social Responsibility

အခန်း (၃)

ကော်ပိုရိတ် လူမှုတာဝန်

၃.၁ မူဝါဒရေးရာ ဦးဆောင်ကော်မတီ (Steering Committee)

၃.၂ ကော်ပိုရိတ် လူမှုတာဝန် လုပ်ငန်းများ

# မာတိကာ


Sustainability

**အခန်း (၄)**

**၄.၁ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ မဟာဗျူဟာ**

**၄.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment)**

၄.၂.၁ ဖန်လုံအိမ် ဓါတ်ငွေ့ (Green House Gas) ထုတ်လွှတ်မှု

၄.၂.၂ စွမ်းအင် သုံးစွဲမှု

၄.၂.၃ စွန့်ပစ် ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတု ပစ္စည်းများ ယိုဖိတ်မှု

၄.၂.၄ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် လေထု အရည်အသွေးနှင့် စွန့်ထွက်ရေ စီမံခန့်ခွဲမှု

၄.၂.၅ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment) ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

**၄.၃ လူမှုရေးဆိုင်ရာ (Social)**

၄.၃.၁ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

၄.၃.၂ အလုပ်သမား အခွင့်အရေးများ

(က) လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်း

(ခ) ကလေး အလုပ်သမား

(ဂ) အဓမ္မခိုင်းစေမှု

(ဃ) အလုပ်ချိန်၊ အချိန်ပို၊ လုပ်ခလစာ

၄.၃.၃ လူ့စွမ်းအား ရင်းမြစ်

၄.၃.၄ လူမှု ကာကွယ်စောင့်ရှောက်မှု (Social Protection)

၄.၃.၅ လူမှုရေး (Social) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

# မာတိကာ


၄.၄ **စီမံ အုပ်ချုပ်မှု (Governance)**

- ၄.၄.၁ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှု နှင့် ထိန်းချုပ်မှုဆိုင်ရာ လုပ်ဆောင်မှုများ (Risk Management and Internal Control)
- ၄.၄.၂ တိုင်ကြားမှု လက်ခံ စိစစ်ဖြေရှင်းရေး ယန္တရား
- ၄.၄.၃ ဘဏ္ဍာရေး
- ၄.၄.၄ အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်သူများနှင့် ချိတ်ဆက်မှု
- ၄.၄.၅ စီမံအုပ်ချုပ်မှု (Governance) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

**အခန်း(၅)**
**ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ**

PROVEN
GROUP OF COMPANIES



## ဥက္ကဋ္ဌ၏ ဥယျောဇဉ်

လေးစားအပ်ပါသော အစုရှယ်ယာရှင်ကြီးများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ ကုန်သွယ် မိတ်ဖက်လုပ်ငန်းရှင်ကြီးများနှင့် ဝန်ထမ်းများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ၍ ကျန်းမာချမ်းသာကြပါစေကြောင်း ပထမ ဦးစွာ မေတ္တာပို့သ နှုတ်ခွန်းဆက်အပ်ပါတယ်ခင်ဗျာ ။

ကျွန်တော်တို့ရဲ့ Proven ကုမ္ပဏီအုပ်စုကြီးအနေနဲ့ အခုဆိုရင် ၂၉ နှစ်ပြည့်မြောက်ကျော်လွန်လာတဲ့ အချိန်မှာ TOYO တံဆိပ် နဲ့ LION တံဆိပ်တို့ဟာ ဈေးကွက် ဝေစုတော်တော်များများ နေရာယူနိုင်ခဲ့တာကို တွေ့မြင်ကြရပြီဖြစ်ပါတယ် ။

ဒီလိုအောင်မြင်မှုတွေရလာကြတာဟာလည်း ကုန်သွယ်မိတ်ဖက် လုပ်ငန်းရှင်ကြီးများရဲ့ ယုံကြည်စွာအားပေးမှုအပေါ်မူတည်သလို ကုမ္ပဏီဝန်ထမ်းများအားလုံးရဲ့ လုံ့လ၊ ဝီရိယ ကြိုးပမ်းမှု များကလည်း အရေးကြီးတဲ့ကဏ္ဍမှာ ပါနေတာကို သတိပြုမိပါတယ်။ ပြီးခဲ့တဲ့နှစ်မှာ အခက်အခဲများ ကြုံတွေ့လာရသော်လည်း စဉ်ဆက်မပြတ် အချိန်နဲ့တပြေးညီ ဖြေရှင်းနိုင်ခဲ့တာကိုလည်း တွေ့ရှိရပါတယ် ။

ဒါရိုက်တာအဖွဲ့ဝင်များရဲ့ ကြိုးပမ်းမှုနှင့်တကွ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကော်မတီအနေနဲ့ ရင်းနှီးမြှုပ်နှံမှုများမှာ ဘက်ပေါင်းစုံ ချိန်ဆပြီးမှ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်နိုင်မှုတို့ကြောင့် လုပ်ငန်းများ ချဲ့ထွင်နိုင်ခဲ့ပါတယ် ။

အခုဆိုရင် ကုမ္ပဏီခွဲပေါင်း (၉)ခု တည်ထောင်နိုင်ခဲ့ပြီး ခေတ်နှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍမှာပါဝင်တဲ့ ဆိုလာ နှင့် ဆက်စပ်ပစ္စည်းတွေကိုပါ ဖြန့်ဖြူးခြင်း၊ တပ်ဆင်ခြင်း လုပ်ငန်းကိုစတင်နိုင်ခဲ့ပြီဖြစ်ပါတယ် ။

ဘတ်ထရီလုပ်ငန်း တိုးချဲ့မှုမှာ လက်ရှိစက်ရုံရဲ့ ထုတ်လုပ်မှုစွမ်းအားတိုးမြှင့်ခြင်း နှင့် အရည်အသွေးတည်ငြိမ် ကောင်းမွန်စေရန် ရည်ရွယ်၍ စက်ပစ္စည်းများကို ဝယ်ယူခြင်းနဲ့ စက်ရုံအား မြောင်းတကာ စက်မှုဇုန်တွင် တိုးချဲ့ဆောက်လုပ်တာကိုလည်း အကောင်အထည် စတင်ဖော်ဆောင်နေတာကို တွေ့ရှိရပါတယ် ။

ကော်ပိုရိတ်လူမှုတာဝန်(C.S.R) များကိုလည်း Proven Group of Company ကြီးနဲ့အတူ ညီနောင်ကုမ္ပဏီများကစုပေါင်းပါဝင်လုပ်ဆောင်နေကြပြီဖြစ်လို့ တိုးမြှင့်လှူဒါန်းနိုင်ခဲ့တာကိုလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ် ။

ဒါကြောင့် လာမယ့်နှစ်များမှာ ယခုကဲ့သို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုအကျိုးပြုလုပ်ငန်းများကို စနစ်တကျ ပိုမိုကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ကြဖို့၊ ဆက်လက်ကြိုးစားပေးကြဖို့ တိုက်တွန်းလိုပါတယ် ။

နိဂုံးချုပ်အားဖြင့် Proven ကုမ္ပဏီအုပ်စုကြီးတစ်ခုလုံးနဲ့ ညီနောင်ကုမ္ပဏီများမှ ပါဝင်ဆောင်ရွက်နေကြသူများ အားလုံးနဲ့ ကုန်သွယ်မိတ်ဖက်လုပ်ငန်းရှင်ကြီးများဟာ ရေရှည်တိုးတက်ကြီးပွားကြပါစေကြောင်း ဆုမွန်ကောင်း မေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားစွာဖြင့်
ထွန်းမြင့်
ဥက္ကဋ္ဌ

# ၂၀၂၄ -၂၀၂၅ နှစ်အတွင်း အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
The Republic of the Union of Myanmar
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
Ministry of Planning and Finance
အကောက်ခွန်ဦးစီးဌာန
Customs Department

AEO

Authorized Economic Operator Certificate
(Level-1)

Proven Technology Industry Co.,Ltd

Customs Department of the Ministry of Planning and Finance is Pleased to Present this certificate to Proven Technology Industry Co.,Ltd In recognition of being AEO (Importer).

Certificate No - 02C202401
Issued Date - 24-10-2024
Code No - AEOMM20240201

Director General
Customs Department

## Authorized Economic Operator Importer (Level-1)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန် ဦးစီးဌာနက ပေးအပ်သည့် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ (Authorized Economic Operator) Importer (Level -1) အဖြစ် အသိအမှတ်ပြု လက်မှတ် ရရှိခဲ့ခြင်း။


Bureau Veritas Certification

Certificate of Approval
AWARDED TO
PROVEN TECHNOLOGY INDUSTRY CO., LTD.
BLOCK 94 (A+B), BLOCK (136+137) 42ND QUARTER, KHAYAE STREET INDUSTRIAL ESTATE, SHWE PYI THAR TOWNSHIP, YANGON, MYANMAR
IATF USI: P5YF3N

Bureau Veritas Certification certify that the Quality Management System of the above organisation has been audited and found to be in accordance with the requirements of

IATF 16949 - FIRST EDITION
and the applicable customer specific requirements

SCOPE
Design and manufacturing
PERMITTED EXCLUSION(S)
None
PRODUCT(S) DELIVERED
Dry Charged Battery

Date Of Certification: 13 May 2024
Date Of Expiration: 12 May 2025
IATF Certificate N°: 0517476
Bureau Veritas Certification Certificate No: TH022481 - IATF
Revision: 1

For Bureau Veritas Certification Holding, Tour ALTO, 4 place des saisons, 92400 COURBEVOIE - France
(The official document is in English. Any translations of this document shall be used for reference only.)
1/2

## IATF-16949 Certified

အပြည်ပြည်ဆိုင်ရာ မော်တော်ကားထုတ်လုပ်ရေး စံချိန်စံညွှန်းများကို သတ်မှတ်ပြီး အထူးသဖြင့် ကားနှင့် ပတ်သက်သည့် ထုတ်လုပ်မှု၊ ထောက်ပံ့ရေး နှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အရည်အသွေး စီမံခန့်ခွဲမှု စနစ်အား ထိန်းကျောင်းပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော International Automotive Task Force (IATF) ၏ အသိအမှတ်ပြု လက်မှတ် ရရှိခဲ့ခြင်း။

# ၂၀၂၄ -၂၀၂၅ နှစ်အတွင်း အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ

**2024 Results (Top 30 Companies)**

| 2024 Rank | 2022 Rank | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | SCORE |
|---|---|---|---|---|---|---|---|---|
| 1 | 2 | First Myanmar Investment | L | 100% | 88% | 92% | 41% | 78% |
| 1 | 2 | uab bank | PR | 90% | 85% | 64% | 79% | 78% |
| 3 | 6 | Maha Agriculture Microfinance | PR | 87% | 142% | 58% | 63% | 72% |
| 4 | 11 | TMH Telecom Public | L | 100% | 63% | 49% | 74% | 68% |
| 5 | 9 | Myanma Awba Group | PR | 96% | 74% | 56% | 64% | 67% |
| 6 | 4 | Max Myanmar Group of Companies | PR | 52% | 137% | 81% | 27% | 66% |
| 7 | 1 | City Mart Holding Limited (CMHL) | PR | 83% | 63% | 67% | 49% | 64% |
| 8 | 14 | Ayeyarwady Bank Public (AYA Bank) | PR | 59% | 60% | 56% | 70% | 63% |
| 9 | 13 | Proven Group of Companies | PR | 96% | 126% | 38% | 51% | 59% |
| 10 | 7 | Yoma Bank Limited | PR | 83% | 67% | 39% | 64% | 58% |
| 11 | 12 | KMD | PR | 57% | 111% | 54% | 42% | 57% |

Pwint Thit Sa Ranking (9)

မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၏ ကော်ပိုရိတ်ထုတ်ဖော်ကြေညာမှု (Coporate Disclosure) နှင့် ပွင့်လင်းမြင်သာမှု (Transparency) တိုးမြှင့်ရန် ရည်ရွယ်သည့် " ပွင့်သစ်စအစီရင်ခံစာ" တွင် Proven Group of Companies Limited သည် ၂၀၂၄ ခုနှစ်၊ အဌမအကြိမ်မြောက် "ပွင့်သစ်စအစီရင်ခံစာ" တွင် အဆင့် (၉) ရရှိခဲ့ခြင်း ။



## Management Retreat

၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ (၂၂)ရက်နေ့မှ (၂၃)ရက်နေ့အထိ Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီအသီးသီး တွင် စီမံခန့်ခွဲမှု တာဝန်ထမ်းဆောင်နေသူများအကြား ပိုမိုသည့် ရင်းနှီးကျွမ်းဝင်မှုတစ်ရပ် တည်ဆောက်နိုင်စေရန် ၊ လုပ်ငန်း ဆိုင်ရာ အတွေ့အကြုံများ မျှဝေနိုင်ရန်စသည့် ရည်မှန်းချက်များဖြင့် "Leadership Development Retreat" အား Wyndham Grand Hotel (Yangon) တွင် ကျင်းပခဲ့ခြင်း။

# ၂၀၂၄ -၂၀၂၅ နှစ်အတွင်း အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ



Mass Blood Donation Campaign

၂၀၂၅ခုနှစ်၊ မတ်လ (၈)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများ ဖြစ်သည့် Proven Distribution Co., Ltd ၊ Proven Technology Industry Co., Ltd ၊ Proven PolyWorld Co., Ltd ၊ Proven International Co., Ltd နှင့် Yangon Metal Industry Co., Ltd တို့ ပေါင်း၍ အမျိုးသားသွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပပြုလုပ်ခဲ့ခြင်း။




World Enviroment Day

၂၀၂၄ခုနှစ်၊ ဇွန်လ (၆)ရက်နေ့တွင် ကမ္ဘာ့ ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားအား ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမက (၈) မူလွန်ကျောင်း တွင် ကျင်းပပြုလုပ်ခဲ့ခြင်း။




Donation to GTI

Proven Group of Companies Ltd. သည် Government Technical Institute (အစိုးရစက်မှုလက်မှုသိပ္ပံ) - GTI အင်းစိန်သို့ Electric Tool Gun များနှင့် လုပ်ငန်းခွင်သုံး ဘေးအန္တရာယ် ကာကွယ်ရေး အသုံးအဆောင် ပစ္စည်းများ သွားရောက် လှူဒါန်းခဲ့ခြင်း။



Donation at Worker's Hospital

၂၀၂၄ ခုနှစ်၊ မေလ (၁) ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများ ဖြစ်သည့် Proven Technology Industry Co., Ltd နှင့် Proven Poly-World Co., Ltd တို့ ပူးပေါင်း၍ အလုပ်သမားဆေးရုံကြီးနှင့် ရန်ကုန် အထူးကုဆေးရုံကြီး (ကုတင်-၅၀၀) တို့တွင် ဆေးတက်ရောက်ကုသမှုခံယူနေသူများနှင့် အလုပ်သမားများအား အာဟာရဒါန လှူဒါန်းခဲ့ခြင်း။

# ၂၀၂၄ -၂၀၂၅ နှစ်အတွင်း အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ



Donation of Theme Park

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင် Proven Group of Companies သည် ၎င်း၏ညီနောင်ကုမ္ပဏီများဖြစ်သော Proven Technology Industry Co., Ltd နှင့် Yangon Metal Industry Co., Ltd တို့နှင့် ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီဝင်းအတွင်းတွင် ကျန်းမာရေး လေ့ကျင့်ခန်းသုံးပစ္စည်းများ၊ ကလေးများကစားရန်ပစ္စည်းများ နှင့် အများပြည်သူအပန်းဖြေရန်နေရာများ ပါဝင်သည့် အပန်းဖြေအားကစားကွင်း (Theme Park) တစ်ခုကို တည်ဆောက်လှူဒါန်းခဲ့ခြင်း။



Donation to Flood Victims

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင် Proven Group of Companies သည် နေပြည်တော်အပါအဝင် ရေဘေးသင့်နေသည့် ဒေသများဖြစ်သည့် တံတာဦး၊ မြစ်ငယ်၊ စဥ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ တောင်ငူ၊ နေပြည်တော်တို့၌ T Shirt များ၊ အဟာရဒါန၊ ရေသန့်၊ ခေါက်ဆွဲခြောက်ထုပ်၊ မုန့်၊ ဆေးဝါး နှင့် အသုံးအဆောင်ပစ္စည်းများကို လှူဒါန်းခဲ့ခြင်း။

# ၂၀၂၄ -၂၀၂၅ နှစ်အတွင်း အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ




Kahtein Ceremony

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့တွင် Proven Group of Companies Ltd. နှင့် ညီနောင် ကုမ္ပဏီများဖြစ်သည့် Proven Technology Industry Co., Ltd၊ Proven Distribution Co., Ltd၊ Proven Polyworld Co., Ltd၊ Proven International Co., Ltd တို့၏ စုပေါင်း မဟာဘုံကထိန်ပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၄)လမ်းမကြီး၊ (၂၄)ရပ်ကွက် ဇီးကုန်းကျေးရွာအုပ်စု အတွင်းတည်ရှိသည့် ဇီးကုန်းကျောင်းတိုက်၌ ကျင်းပခဲ့ခြင်း။




International Lead Free Week

Proven Group of Companies အနေဖြင့် Lead-Acid ဘက်ထရီ ထုတ်လုပ် မှုအပေါ် အပြည်ပြည်ဆိုင်ရာ ခဲ အဆိပ်သင့်မှု ကာကွယ်ရေး ရက်သတ္တပတ် အထိမ်းအမှတ် အနေဖြင့် ခဲ အန္တရာယ်ကာကွယ်ရေး ဟောပြောပွဲများ ကျင်းပခြင်း၊ "ခဲဆိပ်အန္တရာယ် အသိပြုဘွယ်" ခေါင်းစဉ်ဖြင့် ခဲဆိပ်အန္တရာယ် တားဆီးကာကွယ်ရေး ဆိုင်ရာလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ခြင်း။

PROVEN
GROUP OF COMPANIES

# ၂၀၂၄ -၂၀၂၅ နှစ်အတွင်း အထင်ကရ ဆောင်ရွက်နိုင်ခဲ့မှုများ



## MOU Signing

Proven Group of Companies Ltd. သည် တက္ကသိုလ်ကျောင်းသား/သူများ လုပ်ငန်းခွင် အတွေ့အကြုံရရှိစေရေးနှင့် အနာဂတ် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရယူနိုင်ရေး ရည်ရွယ်ချက်ဖြင့် Yangon University of Economics (YUEco) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်း။




## Webinar

MIoD က မြန်မာနိုင်ငံမှ ကုမ္ပဏီများအတွက် ဆောင်ရွက်ပေးနေသည့် Directorship Seriesတွင် What Does ESG Mean for a Director? ခေါင်းစဉ်ဖြင့် Proven Group of Companies Ltd ၏ Group CEO ဦးသန်းထိုက်လွင်က ပါဝင်ဆွေးနွေးပေးခဲ့ခြင်း။



## World Down Syndrome Day

၂၀၂၅ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့တွင် Proven Group of Companies Ltd. သည် World Down Syndrome Day 2025 ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြုလုပ်ကျင်းပသည့် "Knowledge Sharing Session on Raising Parental Awareness for the Improvement of PWDS" အစီအစဉ်တွင် လိုအပ်သည့် ကူညီထောက်ပံ့ပေးမှုများ ပံ့ပိုးဆောင်ရွက်ပေးခဲ့ခြင်း။



## Leadership Alliance (2025)

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့တွင် Proven Group of Companies ၏ Manufacturing Sector မှ ညီနောင် ကုမ္ပဏီများဖြစ်သည့် Proven Technology Industry Company Limited၊ Proven Polyworld Company Limitedနှင့် Yangon Metal Industry Company Limited တို့မှ Supervisor၊ Assistant Supervisor စုစုပေါင်း (၁၀၉) ဦးအား Leadership Alliance: Building Unified Leaders Across Organizations @2025 ခေါင်းစဉ်ဖြင့် Supervisory Skills Training အား Panda Hotel ၌ ကျင်းပပြုလုပ်ခဲ့ခြင်း။

# အခန်း(၁)

## The Corporate Profile

# PROVEN GROUP OF COMPANIES



# ၁.၁ သမိုင်းအကျဉ်းချုပ်

PROVEN GROUP OF COMPANIES သည် မော်တော်ကားနှင့် ဆိုင်ကယ်သုံး၊ လုပ်ငန်းသုံး၊ အထူးသုံး နေရာများ အတွက် TOYO နှင့် LION အမှတ်တံဆိပ် ခဲအက်ဆစ်ဘက်ထရီများ၊ ဘက်ထရီ လုပ်ငန်းသုံးခဲများ ပြန်လည်သန့်စင် ထုတ်လုပ်ခြင်း လုပ်ငန်း၊ Plastic Injectionနှင့် Blow Moulding လုပ်ငန်း၊ စက်ဆီ၊ ချောဆီ နှင့် မော်တော်ယဉ် အပိုပစ္စည်းများ တင်သွင်း ဖြန့်ချီခြင်း လုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် (Renewal Energy) ဆိုင်ရာ Solar Pannel များ၊ Solar Inverter များ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းနှင့် မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို လုပ်ကိုင်နေသည့် ကုမ္ပဏီ အစုအဖွဲ့ တစ်ခု ဖြစ်ပါသည်။ ၁၉၉၆ခုနှစ်တွင် PROVEN သည် ဘက်ထရီ ထုတ်လုပ်ခြင်းဖြင့် လုပ်ငန်းစတင်ခဲ့ရာမှ အဆိုပါ ဘက်ထရီထုတ် လုပ်ခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ၊ ဖြန့်ဖြူးရေး လုပ်ငန်းများကိုပါ ဆက်လက်တိုးချဲ့ လုပ်ကိုင်ခဲ့ ပါသည်။

PROVEN GROUP OF COMPANIES သည် နိုင်ငံတကာ အရည်အသွေးမီ ထုတ်ကုန်အဆင့်အတန်းနှင့် ဆောင်ရွက်ပုံများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲစနစ်၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး နှင့် နိုင်ငံတကာ မော်တော်ယာဉ် လုပ်ငန်းအဖွဲ့ (IATF) ဆိုင်ရာ သတ်မှတ်ချက်များအတိုင်း လိုက်နာလုပ်ဆောင်နေပြီး ၂၀၂၄ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော IATF Certificate ကိုရရှိခဲ့သည့် ပထမဦးဆုံးသော Battery Manufacturer တစ်ဦး ဖြစ်လာခဲ့ပါသည်။

ဓာတုပစ္စည်းများ ဘေးကင်းစွာစီမံဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးဆိုင်ရာ အကောင်းမွန်ဆုံး ဆောင်ရွက်ချက်များ ဖြစ်ပေါ်လာစေရေး လှုပ်ရှားမှုတစ်ခုဖြစ်သော Responsible Care ဆောင်ရွက်ချက်များကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။






# ၁.၁ သမိုင်းအကျဉ်းချုပ်

PROVEN GROUP OF COMPANIES သည် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှု လုပ်ငန်းရှင်များ အသင်း (UMFCCI)၊ မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများအသင်း (MIA)တို့၏ အဖွဲ့ဝင်တစ်ဦး ဖြစ်သည့်အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေး ဆိုင်ရာ ဓာတုပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများ၏ လှုပ်ရှားမှုတစ်ခုဖြစ်သည့် Responsible Care အသင်းဝင် တစ်ဦး လည်း ဖြစ်ပါသည်။ ထို့အပြင် Myanmar Sustainability Buinsess Network၊ Business Integrity ဆိုင်ရာ Yever အဖွဲ့၏ ဆောင်ရွက်ချက်များတွင် ပါဝင်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၏ ကော်ပိုရိတ် ထုတ်ဖော်ကြေညာမှု (Corporate Disclosure) နှင့် ပွင့်လင်းမြင်သာမှု (Transparency) တိုးမြှင့်ရန် ရည်ရွယ်သည့် "ပွင့်သစ်စအစီရင်ခံစာ" တွင် ၂၀၁၉ခုနှစ်မှ စတင်ဝင်ရောက်အကဲဖြတ်ခံယူခဲ့ပြီး Proven Group of Companies Limited သည် ၂၀၂၄ ခုနှစ်၊ အဌမအကြိမ်မြောက် အစီရင်ခံစာတွင် အကဲဖြတ်ခံ ကုမ္ပဏီ (၂၇၀) ကျော်တွင် အဆင့် (၉) ရရှိခဲ့ပါသည်။

## ၁.၁.၁ ဖွဲ့စည်းပုံ

စွမ်းအင်သိုလှောင်မှု ကဏ္ဍတွင် ဦးဆောင်သူအဖြစ်ရှိနေမှုအားဆက်လက် ရယူထားနိုင်စေရေး၊ ပေါ်ထွန်းလာနေသည့် စျေးကွက်အသစ်များကို ထိထိရောက်ရောက်ရယူထားနိုင်စေရန်၊ စဉ်ဆက်မပြတ် ပြောင်းလဲနေသည့် အခြေအနေများ၊ စိန်ခေါ်မှုများအား မှန်ကန်ထိရောက်စွာ တုံ့ပြန်ဖြေရှင်းနိုင်စေရန်၊ အရှည်တည်တံ့ ဖွံ့ဖြိုးမှုနှင့် ဟန်ချက်ညီစေရန် PROVEN GROUP OF COMPANIESအား အောက် ပါအတိုင်း ဖွဲ့စည်းထားပါသည်-



## ၁.၁.၂ Business Model

PROVEN GROUP OF COMPANIESသည် အသုံးပြုပြီးသည့် ခဲများအား ပြန်လည် သန့်စင်ခြင်း၊ ခဲ -အက်စစ် ဘက်ထရီထုတ်လုပ်ဖြန့်ဖြူးခြင်း၊ Plastic Injectionနှင့် Blow Moulding လုပ်ငန်း၊ စက်ဆီ၊ ချောဆီ နှင့် မော်တော်ယဉ် အပိုပစ္စည်းများ တင်သွင်း ဖြန့်ချီခြင်း လုပ်ငန်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်( Renewal Energy) ဆိုင်ရာ Solar Pannel များ၊ Solar Inverter များ တင်သွင်း ဖြန့်ဖြူး ရောင်းချခြင်းနှင့် မြေယာ ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ကို လုပ်ဆောင်နေသည့် ကုမ္ပဏီ အဖွဲ့စု တစ်ရပ် ဖြစ်၍ GROUP ၏ Business Model အနေဖြင့် အောက်ပါအတိုင်း တည်ရှိနေပါသည်-




## ၁.၁.၃ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထားသည့် တန်ဖိုး သတ်မှတ်ချက်များ နှင့် ကတိကဝတ်

၂၀၂၃ ခုနှစ်အတွက် ကျင်းပခဲ့သည့် Board of Director အစည်းအဝေးတွင် PROVEN GROUP OF COMPANIES ၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ ခံယူထားသည့် တန်ဖိုးသတ်မှတ်ချက်များနှင့် ကတိကဝတ်နှင့် စပ်လျဉ်းပြီး ဆွေးနွေးခဲ့ကြပြီး ၂၀၂၅ ခုနှစ်အထိ အောက်ပါအတိုင်း ဆက်လက်ကျင့်သုံး သွားရန် ဆုံးဖြတ် သတ်မှတ်ခဲ့ပါသည်-

## မျှော်မှန်းချက် (Our Vision)



- မြန်မာနိုင်ငံ ခဲအက်ဆစ် ဘက်ထရီထုတ်လုပ်ခြင်း၊ ဖြန့်ချီခြင်းနှင့် ပတ်သက်သည့် ကဏ္ဍတွင် ဦးဆောင်သူ အဖြစ် ရှိနေမှုအား ထိန်းသိမ်းထားရန်။
- မြန်မာနိုင်ငံရှိ မော်တော်ယာဉ်တပ်ဆင်ခြင်းနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ ပေးရန်နှင့် ဒေသတွင်းအဆင့် အသိအမှတ်ပြု မြန်မာကုန်အမှတ် တံဆိပ်အဖြစ် ဖြစ်လာစေရန်။

## ရည်ရွယ်ချက် (Our Mission)



- အောင်မြင်မှုအတွက် အဖြေရှာခြင်းဖြင့် သုံးစွဲသူများ၏ စိတ်ကျေနပ်မှုနှင့် အရည်အသွေး စဉ်ဆက်မပြတ် တိုးတက်စေခြင်း ။
- မြန်မာနိုင်ငံ၏ မော်တော်ယာဉ်နှင့် ယာဉ်သုံး ဘက်ထရီ ဈေးကွက်တွင် နံပါတ်တစ် အမှတ်တံဆိပ် ဖြစ်လာစေရန် ။
- ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့မှုများ မြှင့်တင်၍ ပြည်တွင်းဈေးကွက် ဦးဆောင်သူ ဖြစ်လာစေရန် ။
- စွမ်းအင် သိုလှောင်မှုနှင့်ပတ်သက်သည့် ကုန်ပစ္စည်းနှင့် သက်ဆိုင်ရာ ဝန်ဆောင်မှုပေးသော GROUP OF COMPANIES ဖြစ်လာစေရန် ။

## ခံယူထားသည့် တန်ဖိုးသတ်မှတ်ချက်များ (Our Values)



| | |
|---|---|
| P - Professional: | အရည်အသွေး ပြည့်ဝစွာဖြင့် ဆောင်ရွက်ပြီး တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိသည့် လုပ်ငန်းစု တစ်ရပ်အဖြစ် ရပ်တည်ရန် |
| R - Reliability: | အများပြည်သူ၏ ယုံကြည်စိတ်ချမှုကို ခံယူနိုင်သည့် လုပ်ငန်းစု တစ်ရပ် ဖြစ်ပေါ်လာစေရန် |
| O - Open Minded: | အကြံဉာဏ်သစ်များနှင့်ဆန်းသစ်တီထွင်မှုများကိုအစဉ်အမြဲဖော် ဆောင်ရန် |
| V - Value Creation: | အရောင်း ကိုယ်စားလှယ်ကြီးများ၊ လုပ်ဖော်ကိုင်ဖက် ညီအစ်ကို မောင်နှမများ၊ အစုရှယ်ယာရှင်များနှင့် ပူးပေါင်းပြီး လုပ်ငန်း အသီးသီးမှတစ်ဆင့် တစ်ဦးကိုတစ်ဦးအကျိုးပြုသည့် ရလဒ်ကောင်း များကို ဖော်ဆောင်ရန် |
| E - Embrace Change: | ကောင်းမွန်သော ပြောင်းလဲမှုများကို အစဉ်အမြဲ ပံ့ပိုးပြီး ခွန်အားများ ပေးရန် |
| N - Novelty and Innovation: | တီထွင်ကြံဆမှုမှတစ်ဆင့် လူမှုအသိုင်းအဝိုင်းကို အကျိုးပြုသည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန် |

## ကတိကဝတ် (Our Commitment)

- PROVEN GROUP OF COMPANIES သည် လေးစား တန်ဖိုးထားရသော သုံးစွဲသူများအတွက် အရည်အသွေးမြင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများပေးရန် အစဉ်အလေးထားပါသည်။

- PROVEN GROUP OF COMPANIES၏ ကုန်ပစ္စည်းအရည်အသွေးအပေါ်အာမခံအပြည့်ပေးခြင်းနှင့် မြန်မာနိုင်ငံ၏တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ အဓိက မြို့ကြီးများတွင်လည်း ဘက်ထရီဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

## ၁.၁.၄ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်များ နှင့် ဆုတံဆိပ်များ

PROVEN GROUP OF COMPANIES ၏ သက်ဆိုင်ရာ စက်ရုံများ၊ ကုမ္ပဏီများသည် အရည်အသွေးပိုင်းဆိုင်ရာ ISO 9001:2015 ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ISO 14001:2015 နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ISO 45001:2018 လက်မှတ်များ ရယူထားပြီး နှစ်စဉ် သတ်မှတ်ချက်များနှင့် အညီ လုပ်ဆောင်နေမှုများအပေါ် external auditor များ၏ စစ်ဆေးမှုခံယူကာ ဆောင်ရွက်ထားပါသည်။

ထို့အပြင် ၂၀၂၄ခုနှစ်၊ ဧပြီလတွင် နိုင်ငံတကာ မော်တော်ယာဉ် လုပ်ငန်းအဖွဲ့ (IATF) Certified Battery Manufacturing Company ဖြစ်လာခဲ့ပါသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၂၀၁၆ ခုနှစ်တွင် အာဆီယံ ဒေသ အတွင်း ဆုဖြစ်သည့် ASEAN-OSHNET BEST PRACTICES AWARD ကို PROVEN GROUP OF COMPANIES ၏ ညီနောင် ကုမ္ပဏီတစ်ခုဖြစ်သည့် Toyo နှင့် Lion အမှတ်တံဆိပ်ဘက်ထရီထုတ်လုပ်သည့် PROVEN TECHNOLOGY INDSUTRY ကုမ္ပဏီက ရရှိထားခဲ့ပါသည်။








## ၁.၂ လုပ်ငန်း အဝန်းအဝိုင်း

PROVEN GROUP OF COMPANIES လုပ်ငန်းအဝန်းအဝိုင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### ၁.၂.၁ PROVEN GROUP OF CO., LTD

PROVEN GROUP OF CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ Group CEO အဖြစ် ဦးသန်းထိုက်လွင်က တာဝန်ယူပြီး အုပ်စုကြီးနှင့် ညီနောင် ကုမ္ပဏီများအကြားတွင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိပါသည်။ PROVEN GROUP OF COMPANIES ဆိုင်ရာ အချက်အလက်များအား www.proven.com.mm ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

### ၁.၂.၂ PROVEN DISTRIBUTION CO., LTD

PROVEN DISTRIBUTION CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး PROVEN TECHNOLOGY INDUSTRY က ထုတ်လုပ်သည့် TOYOနှင့် LION အမှတ်တံဆိပ် ဘက်ထရီများ၊ Jinko အမှတ်တံဆိပ် Solar Pannel နှင့်ဆက်စပ်ပစ္စည်းများ၊ Huawei အမှတ်တံဆိပ် Inverter ကို တရားဝင်ကိုယ်စားလှယ် ရယူ၍ မြန်မာတစ်နိုင်ငံလုံးသို့ တင်သွင်း ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းနှင့် စက်ရုံသုံး Solar၊ Solar Inverter နှင့် Energy Storage System (ESS) များတပ်ဆင်ခြင်း လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက် လျက် ရှိပါသည်။

PROVEN DISTRIBUTION CO., LTD ဆိုင်ရာ အချက်အလက်များအား Proven Distribution Co., Ltd. | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

### ၁.၂.၃ PROVEN TECHNOLOGY INDUSTRY CO., LTD

PROVEN TECHNOLOGY INDUSTRY CO., LTD သည် ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင်စီမံခန့်ခွဲပြီး TOYO နှင့် LION အမှတ်တံဆိပ် ဘက်ထရီများ ထုတ်လုပ်ခြင်းကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

PROVEN TECHNOLOGY INDUSTRY CO., LTD ဆိုင်ရာ အချက်အလက်များအား Proven Technology Industry | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၄ PROVEN POLYWORLD CO., LTD

PROVEN POLYWORLD CO., LTD သည် ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးအေးကိုက ဦးဆောင် စီမံခန့်ခွဲပြီး ဘက်ထရီ အိုးများနှင့် ပလတ်စတစ် ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပါသည်။

PROVEN POLYWORLD CO., LTD ဆိုင်ရာ အချက်အလက်များအား Proven Polyworld | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၅ PROVEN INTERNATIONAL CO., LTD

PROVEN INTERNATIONAL CO., LTD သည် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထိုက်လွင်နှင့် Sales and Marketing Director ဦးမျိုးမင်းထွန်းတို့က ဦးဆောင်စီမံခန့်ခွဲပြီး STATE နှင့် AISIN အမှတ်တံဆိပ် အင်ဂျင်ဝိုင်၊ ဆိုင်ကယ်သုံး ADVICS အမှတ်တံဆိပ် Brake Parts အစရှိသည့် မော်တော်ယာဉ်သုံးပစ္စည်းများနှင့် ယန္တယားများ၊ စိုက်ပျိုးရေး ယန္တယားများတွင် အသုံးပြုသည့် Belt ကြိုးများ၊ မော်တော်ဆိုင်ကယ်သုံး အပိုပစ္စည်းများ၊ 3M အမှတ်တံဆိပ် Auto Care ပစ္စည်းများ အစရှိသည့် ကုန်အမှတ်တံဆိပ်များအား တင်သွင်းဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းကို ဆောင်ရွက်လျက် ရှိပါသည်။

PROVEN INTERNATIONAL CO., LTD ဆိုင်ရာ အချက်အလက်များအား Proven International | Proven Group Of Companies တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၆ YANGON METAL INDUSTRY CO., LTD

YANGON METAL INDUSTRY CO., LTD သည် မြောင်းတကာ စက်မှုဇုံ၊ မှော်ဘီ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်မျိုးနိုင်က ဦးဆောင် စီမံခန့်ခွဲပြီး ဘက်ထရီလုပ်ငန်းသုံး ခဲ ပြန်လည်သန့်စင်ထုတ်လုပ်သည့် လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လျက် ရှိပြီး နိုင်ငံတကာ ဈေးကွက်သို့ ဖြန့်ချီလျက်ရှိပါသည်။

YANGON METAL INDUSTRY CO., LTDဆိုင်ရာ အချက်အလက်များအား Yangon Metal Industry | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၇ PROVEN AUTO CO., LTD

PROVEN AUTO CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး မော်တော်ယာဉ်နှင့် ဆက်စပ်သည့် တင်သွင်းဖြန့်ဖြူးခြင်း၊တဆင့် ပြန်လည်ရောင်းချခြင်း (Distribution) များ ဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN AUTO CO., LTD ဆိုင်ရာ အချက်အလက်များအား Proven Auto Co., Ltd. | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၈ PROVEN ENERGY CO., LTD

PROVEN ENERGY CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်(Renewal Energy) ဆိုင်ရာ Solar Pannel များ၊ Solar Inverter များ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN ENERGY CO., LTD ဆိုင်ရာ အချက်အလက်များအား PROVEN ENERGY CO., LTD | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၉ PROVEN PROPERTIES CO., LTD

PROVEN PROPERTIES CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN PROPERTIES CO., LTD ဆိုင်ရာ အချက်အလက်များအား PROVEN PROPERTIES CO., LTD | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၁၀ PROVEN ENGINEERING CO., LTD

PROVEN ENGINEERING CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး စက်ပစ္စည်းများ ပြုပြင်ခြင်းနှင့်တပ်ဆင်ခြင်းဆိုင်ရာ အင်ဂျင်နီယာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN ENGINEERING CO., LTD ဆိုင်ရာ အချက်အလက်များအား PROVEN ENGINEER-ING CO., LTD | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

## ၁.၂.၁၁ PROVEN AUTOPARTS AND CARE CO., LTD

PROVEN AUTOPARTS CO., LTD သည် ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းထိုက်လွင်က ဦးဆောင် စီမံခန့်ခွဲပြီး မော်တော်ယဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယင်းတို့၏ဆက်စပ်သည့် ပစ္စည်းများတင်သွင်းဖြန့်ဖြူးခြင်း၊တဆင့် ပြန်လည်ရောင်းချခြင်း ဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် ဖွဲ့စည်းထားပါသည်။

PROVEN AUTOPARTS CO., LTD ဆိုင်ရာ အချက်အလက်များအား PROVEN AUTOPARTS CO., LTD | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

# ၁.၃ ဝင်ငွေ ရရှိမှု

## ၁.၃.၁ ဝင်ငွေ

၂၀၂၄ ဧပြီလမှ-၂၀၂၅ မတ်လအတွင်း PROVEN GROUP OF COMPANIES ၏ ဝင်ငွေ ရရှိမှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

Revenue Resource (Manufacturing)




Revenue Structure




## ၁.၃.၂ ရင်းနှီးမြှုပ်နှံငွေနှင့်ကြွေးမြီအချိုး (Capital Investment and Debt Ratio Structure)

ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏စုစုပေါင်း ရပိုင်ခွင့်အနေအထားအပေါ် သုံးသပ်လျက် ထပ်မံရင်းနှီးမြှုပ်နှံမည့် စီမံကိန်း ချေးငွေများကို ချိန်ဆ ဆောင်ရွက်လျက်ရှိပါသည်။ ရင်းနှီးငွေနှင့် ချေးငွေ အချိုး ဟန်ချက်ညီ ရှိနေစေရန် အတွက် ဘဏ္ဍာရေး ဆန်းစစ်မှု (Financial Analysis) များ ပြုလုပ်ပြီးနောက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှု ကော်မတီ (Business Development Committee) ၏ ထောက်ခံချက်ဖြင့် ဒါရိုက်တာအဖွဲ့က အသေးစိတ် ဆွေးနွေးပြီး ဆောင်ရွက်လျက်ရှိပါသည်။

# ၁.၄ ပိုင်ဆိုင်မှု

၂၀၂၄ဧပြီလမှ-၂၀၂၅ မတ်လအတွင်း PROVEN GROUP OF COMPANIES ၏ ပိုင်ဆိုင်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

| စဉ် | ရှယ်ယာ ၅ ရာခိုင်နှုန်းအထက် ပိုင်ဆိုင်သူ | ရာထူး |
|---|---|---|
| ၁ | ဦးသန်းထိုက်လွင် | အမှုဆောင် အရာရှိချုပ် |
| ၂ | ဒေါ်မြမြသန်း | အမှုဆောင် ဒါရိုက်တာ |
| ၃ | ဦးဇော်မျိုးမြင့် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ |
| ၄ | ဦးအောင်အောင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ |
| ၅ | ဦးမြင့်ဇော် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ |
| ၆ | ဦးတင့်မျိုးနိုင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ |

| စဉ် | ပိုင်ဆိုင်မှု | ဦးရေ |
|---|---|---|
| ၁ | ၅ရာခိုင်နှုန်းနှင့် အထက် | ၆ |
| ၂ | ၅ရာခိုင်နှုန်းနှင့် အောက် | ၁၈ |
| | စုစုပေါင်း | ၂၄ |



## ၁.၅ အနာဂတ် အစီအစဉ်များ

PROVEN GROUP OF COMPANIES အနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေး နှစ် အတွက် အောက်ပါရည်မှန်းချက်များ ချမှတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

### (က) ကာလတို ဈေးကွက်ဆိုင်ရာ ဘက်ထရီထုတ်လုပ်မှု နှင့် ခဲပြန်လည်သန့်စင်မှု

(၁) ခဲအက်ဆစ်ဘက်ထရီထုတ်လုပ်မှုကို လတ်တလော ဈေးကွက်လိုအပ်ချက်အရ ၁၀% တိုးမြှင့်နိုင်အောင် ဆောင်ရွက်သွားမည်။

(၂) သန့်စင်ပြီး ခဲသတ္တုများကို နိုင်ငံတကာ ဈေးကွက်သို့ ယခင်နှစ်များကဲ့သို့ ထိန်းညှိ ပို့ဆောင်သွားမည်။

### စွမ်းအင် (Solar Panel နှင့် Inverter ရောင်းဝယ်မှု)

(၁) ပြည်တွင်းဈေးကွက်တွင် Solar Panel ရောင်းချမှုကို ယခင်နှစ်ထက် ၃၀% တိုးမြှင့်နိုင်အောင် ဆောင်ရွက်သွားမည်။

### မော်တော်ယာဉ်အပိုပစ္စည်းများ နှင့် မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု

(၁) မော်တော်ယာဉ်အပိုပစ္စည်းများ ရောင်းဝယ်မှုတွင် ဈေးကွက်လိုအပ်ချက်အတွက် သွင်းကုန်လိုင်စင် ရရှိမှုအပေါ်မူတည်၍ ဝင်ရောက်ဖြန့်ချီ ဖြည့်တင်းပေးနိုင်ရန် ဆောင်ရွက်သွားမည်။

(၂) မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအား ၁၀% တိုးမြှင့်သွားမည်။

### လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ခြင်း

(၁) Learning and Development Center က သင်တန်းများ ပုံမှန် ပို့ချနိုင်ရန် ဆောင်ရွက်ပေးသွားမည် ။

(၂) လုပ်ငန်းစု အသီးသီးမှ manufacturing အဖွဲ့ဝင်များ ပါသော လေ့ကျင့်သင်ကြားမှုနှင့် ဆွေးနွေးပွဲများကို နှစ်စဉ်ကျင်းပသွားမည်။

## လုပ်သားစွမ်းဆောင်ရည်

(၁) လုပ်ငန်းခွင် ဘေးကင်းရေး၊ ကျန်းမာရေး နှင့် ပတ်ဝန်းကျင်(HSE) ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများအား လိုက်နာမှု ပိုမိုတိုးမြှင့်လာရန်။

(၂) နှစ်စဉ် Bonus System အားဝန်ထမ်းများ၏ စွမ်းဆောင်ရည်အပေါ် အခြေခံသော စနစ်သို့ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

(၃) ကူးစက်ရောဂါများ၊ သဘာဝနှင့် လူကြောင့်ဖြစ်ပေါ်သည့် အန္တရာယ်များ ကျရောက်ခြင်းကြောင့် ဝန်ထမ်းများအပေါ်သက်ရောက်မှု အနည်းဆုံးဖြစ်စေရေး လိုအပ်သည့် ပြင်ဆင်မှုများ၊ သင်ကြားမှုများနှင့် စိစစ်မှုများကို ဆက်လက် လုပ်ဆောင်သွားမည်။

(၄) လက်ရှိနှင့် အနာဂတ်အခြေအနေများကို အခြေပြုလျက် မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ အသစ် ထုတ်ဖော်ချမှတ်သွားမည်။

## (ခ) ကာလရှည် ဈေးကွက်ဆိုင်ရာ ဘက်ထရီထုတ်လုပ်မှု နှင့် ခဲပြန်လည်သန့်စင်မှု

(၁) Green Battery Initiative များအား ဘက်ထရီထုတ်လုပ်မှုတွင် စတင်ကျင့်သုံးနိုင်ရေး လေ့လာ စမ်းစစ်မှုများ ချမှတ်ဆောင်ရွက်သွားမည်။

(၂) ခဲပြန်လည်သန့်စင်ခြင်းလုပ်ငန်းစဉ်များအားလည်း လုပ်ငန်းခွင် ဘေးကင်းရေး၊ ကျန်းမာရေး နှင့် ပတ်ဝန်းကျင်(HSE) ထိန်းသိမ်းရေးဆိုင်ရာ ပိုမိုကောင်းမွန်သည့် စံချိန်စံနှုန်းများအား တိုးမြှင့်လိုက်နာနိုင်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်။

(၃) PROVEN GROUP OF COMPANIES ၏ထုတ်ကုန်ပစ္စည်းများကိုပြည်ပနိုင်ငံများသို့ ရောင်းချနိုင်ရန် ဈေးကွက်ချဲ့ထွင်ခြင်းနှင့်အတူ ပြည်ပ နိုင်ငံမှတင်သွင်းသည့် ကုန်ချော၊ ကုန်ကြမ်းပစ္စည်းများ အဆက် မပြတ် ရရှိနေစေရေး ERP System အသုံးပြုပြီး အထူးဂရုပြုဆောင်ရွက်သွားမည်။

## စွမ်းအင် (Solar Panel နှင့် Inverter ရောင်းဝယ်မှု)

(၁) မြန်မာပြည် အဝှမ်းရှိ ရုံးခွဲအသီးသီးမှတဆင့် စွမ်းအင်လိုအပ်သည့် ဒေသများသို့ ဝန်ဆောင်မှု အပြည့်ဖြင့် ပေးပို့ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည်။

(၂) အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် စွမ်းအင်ဈေးကွက်အတွက် အသင့်ဖြစ်နေစေရေး လိုအပ်သည့် နည်းပညာ၊ လူစွမ်းအားများ ဖြည့်တင်းမှုများအား စီမံကိန်းချမှတ် ဆောင်ရွက်သွားမည်။

PROVEN
GROUP OF COMPANIES

## မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု

(၁) မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့နိုင်စေရေး Residential and Commercial Projects များ စတင်ခြင်းမှတဆင့် လုပ်ဆောင်သွားမည်။

## လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ခေါင်းဆောင်မှုနှင့် ဖွံ့ဖြိုးရေး

(၁) Management Level ဝန်ထမ်းများအား Leadership Training များ ပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်။

(၂) ညီနောင်ကုမ္ပဏီများအားလုံးတွင် အရည်အသွေးညီမျှသော အုပ်ချုပ်မှုစနစ်နှင့်အရည်အသွေးပြည့်ဝလာစေရန်၊ အနာဂတ်ခေါင်းဆောင်များဖြစ်ပေါ်လာစေရန် Learning and Development Center ကို ဖွဲ့စည်းတည်ဆောက်ပြီး သင်ရိုးနှင့် သတ်မှတ် သင်ကြားမှုအတိုင်း သင်တန်းများ ဖွင့်လှစ်ပေးသွားမည်။

(၃) ကျား/မ တန်းတူညီမျှမှုနှင့် Diversity Policy များ အားကောင်းစေရန် ဆောင်ရွက်သွားမည်။

## အဖွဲ့အစည်းယဉ်ကျေးမှု

(၁) ဝန်ထမ်းများ၏ သစ္စာစောင့်သိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဆောင်ရွက်သွားမည်။

(၂) CSR (Corporate Social Responsibility) လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်။

(၃) ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်အခြေပြုသည့် စီမံခန့်ခွဲမှုစနစ် ဖြစ်ထွန်းစေရေး ရှေးရှု၍ Performance Appraisal အား Software System စနစ်သုံး ပြောင်းလဲ ကျင့်သုံးမှုမှတဆင့် Key Performance Indicators ဖော်ထုတ်သတ်မှတ်သွားမည်။

(၄) ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာအသစ်များရှာဖွေအသုံးပြုခြင်း၊ ခေတ်မီပြီး ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် စွမ်းအင်သုံးစွဲမှုသက်သာစေမည့် စက်ပစ္စည်းအသစ်များ ဝယ်ယူဖြည့်ဆည်းခြင်းများ ဆောင်ရွက်သွားမည်။

(၅) Corporate စီမံခန့်ခွဲမှုစနစ် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေး Corporate Culture တည်ထောင်ရေးအား အဆင့်လိုက် ဆောင်ရွက်သွားမည်။

(၆) PROVEN GROUP OF COMPANIES ၏ စီးပွားရေး လုပ်ငန်း ဆောင်ရွက်ချက်များအား သဘာဝပတ်ဝန်းကျင်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ကိုက်ညီအောင် ဖော်ဆောင်သွားမည်။

## ၁.၆ စိန်ခေါ်မှုများအပေါ် တုန့်ပြန်ဆောင်ရွက်ခြင်း

၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ငွေကြေး၊ ဈေးကွက်၊ ကုန်ကြမ်းရရှိမှုနှင့် တင်သွင်းနိုင်မှု၊ ကုန်စည်တင်ပို့မှုဆိုင်ရာအပါအဝင် စီးပွားရေးနှင့်စက်မှုလုပ်ငန်းကဏ္ဍများတွင် မတည်ငြိမ်မှုများနှင့် စိန်ခေါ်မှုများစွာကို ကုမ္ပဏီအဖွဲ့စုအနေဖြင့် ရင်ဆိုင်ခဲ့ရပါသည်။ သို့သော် ဘုတ်အဖွဲ့၏ မဟာဗျူဟာပြည့်ဝသော ဦးဆောင်မှု၊ စီမံခန့်ခွဲမှုအဖွဲ့၏ အချိန်နှင့်တပြေးညီ ဆုံးဖြတ်ချက်များ၊ ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှုနှင့် တက်ကြွအားထုတ်မှုတို့ကြောင့် အဆိုပါ စိန်ခေါ်မှုများစွာကို ထိထိရောက်ရောက် ဖြေရှင်းကျော်ဖြတ်နိုင်ခဲ့ပါသည်။

## စီးပွားရေးစိန်ခေါ်မှုများနှင့် တုံ့ပြန်ဆောင်ရွက်ချက်များ

### (က) ဘတ်ဂျက်နှင့် ကုန်ကျစရိတ် ထိန်းချုပ်မှု

ကုန်ထုတ်စရိတ် မြင့်တက်မှုကို တုံ့ပြန်နိုင်ရန် automation ကို ထိရောက်စွာ အသုံးချခြင်းဖြင့် စုစုပေါင်းကုန်ကျစရိတ် လျှော့ချနိုင်ခဲ့ပါသည် ။

### (ခ) ဈေးကွက်အလားအလာ ပြောင်းလဲမှုများအပေါ် တုံ့ပြန်ခြင်း

မော်တော်ယာဉ်ပစ္စည်းများ ဈေးကွက်အတွင်း Lubricants၊ Grease နှင့် Coolants ကဏ္ဍများအား ဦးတည်၍ ဈေးကွက်တိုးချဲ့မှု ပြုလုပ်နိုင်ခဲ့သည် ။

TOYO နှင့် LION အမှတ်တံဆိပ်များ၏ အရည်အသွေးကို တိုးတက်အောင် မြှင့်တင်ပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့မှုများကို တည်တံ့စွာ ဆက်လက်လုပ်ဆောင်နိုင်ခဲ့သည် ။

### (ဂ) လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု

ဝန်ထမ်းများ၏ အလုပ်သမားစွမ်းဆောင်ရည်၊ တီထွင်ဖန်တီးမှုနှင့် တာဝန်ယူမှုတို့ကို အသိအမှတ်ပြု၍ လစာတိုးမြှင့်ခြင်းနှင့် အကျိုးခံစားခွင့်များ ထိန်းသိမ်းပေးခြင်းများပြုလုပ်ခဲ့သည် ။

အရေးပေါ်အခြေအနေများအတွက် စဉ်ဆက်မပြတ် တုံ့ပြန်နိုင်ရေးအတွက် Cross-Functional Team များ ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခဲ့သည် ။

အခန်း(၂)

# Coporate Governance

# PROVEN GROUP OF COMPANIES



# ခေါင်းဆောင်မှုနှင့် စီမံအုပ်ချုပ်မှု

စီးပွားရေး ဝန်းကျင်ဆိုင်ရာ အခြေအနေများ (Business Environment) အပါအဝင် မြန်ဆန်စွာ ပြောင်းလဲနေသော စိန်ခေါ်မှုများအား ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများကို အဆင့်မြင့် Unique Digital Platform များဖြင့် စနစ်တကျ ထိန်းကျောင်း၊ စီမံခန့်ခွဲ၊ ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် PROVEN GROUP OF COMPANIES သည် အောက်ပါ စီမံအုပ်ချုပ်မှု ပုံစံ (Governance Framework) ဖြင့် ကျင့်သုံး ဆောင်ရွက်လျက်ရှိပါသည်-

## စီမံအုပ်ချုပ်မှု



# ၂.၁ CEO ၏ အမှာစကား



လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

ဦးစွာအနေနဲ့ မင်္ဂလာပါလို့ လှိုက်လှဲစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကိုယ်စိတ်နှလုံးကျန်းမာခြင်း၊ ချမ်းသာခြင်းများနဲ့လည်း ပြည့်စုံပါစေကြောင်း ထပ်မံ၍ ဆန္ဒပြုဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။

Group of Companies အနေဖြင့် ခဲအက်ဆစ်ဘက်ထရီထုတ်လုပ်ခြင်း၊ ခဲပြန်လည်သန့်စင်ခြင်း၊ သန့်စင်ပြီးခဲများအား ပြည်ပ တင်ပို့မှုနှင့် မိမိတို့ရဲ့ ဘက်ထရီလုပ်ငန်းများမှာ ပြန်လည်အသုံးပြုခြင်း၊ မော်တော်ယာဉ်အပိုပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးခြင်း၊ အင်ဂျင်ဝိုင်နှင့်ချောဆီများတင်သွင်း ရောင်းချခြင်းများအား ကာလရှည်ကြာစွာ အစဉ်တစိုက် ဆောင်ရွက်နေရာမှ ယခု ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေး နှစ်မှစ၍ ပြန်လည်ဖြည့်ဖြိုးမြဲစွမ်းအင် ဈေးကွက်မှာ Solar Panel နှင့် Inverter များတင်သွင်းရောင်းချခြင်း၊ မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများထိ ယခင်လုပ်ငန်းအမျိုးအစား မတူညီတဲ့ လုပ်ငန်းကဏ္ဍများအထိ တိုးချဲ့ လုပ်ကိုင်နိုင် ခဲ့ပါကြောင်း ပဏာမ ဦးစွာ မီးမောင်းထိုး တင်ပြအစီရင်ခံအပ်ပါတယ်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ဟာ စီးပွားရေးလုပ်ငန်းကဏ္ဍအတွင်း မမျှော်လင့်ထားသည့် စိန်ခေါ်မှုများနှင့် ပြိုင်ဆိုင်မှုများ ပေါ်ပေါက်ခဲ့သည့် ကာလတစ်ခုအဖြစ်တည်ရှိခဲ့ပါတယ်။ ကမ္ဘာ့စီးပွားရေးအခင်းအကျင်း၊ ဒေသတွင်းနှင့် ပြည်တွင်းလုပ်ငန်း ဆောင်ရွက်နိုင်မှု အခြေအနေတွေအမျိုးမျိုးကြောင့် Proven Group Companies အနေဖြင့် ပြင်းထန်တဲ့ ဖိအားများကို ရင်ဆိုင်ခဲ့ရ ပါတယ်။

ထိုကဲ့သို့သော အခြေအနေများအပေါ်တွင် Board of Directors များက ပံ့ပိုးတဲ့ မဟာဗျူဟာမြောက် ဦးတည်ချက်များ၊ ရှုမြင် သုံးသပ်ချက်များနှင့် အစဉ်မပြတ်အကြံဉာဏ်များဟာ ကျွန်တော်တို့ရဲ့ မြေပြင်မှာ လုပ်ငန်းဆောင်ရွက်နေတဲ့ စီမံခန့်ခွဲမှု အဖွဲ့တွေ အနေနဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အားအင်များ၊ စွမ်းအားများ ရရှိခဲ့ပါတယ်။ အဲ့ဒါအပြင် စီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ မြန်ဆန်၍ မှန်ကန်သည့် ဆုံးဖြတ်ချက်များ၊ ပြဿနာဖြေရှင်းမှုအတွေးအခေါ်အသစ်များ ထိရောက်သည့် လုပ်ထုံးလုပ်နည်းများဖြင့် လုပ်ငန်းများကို စနစ်တကျအောင်မြင်စွာ ဆောင်ရွက်လာနိုင်ခဲ့ကြောင်းကိုလည်း တစ်ပါတည်း တင်ပြအပ်ပါတယ်။

ယခုလိုအခက်အခဲများအပေါ် ရင်ဆိုင်ပြီး ကျော်လွှားလာနိုင်ခဲ့ခြင်းဟာ Proven Group Companies အတွင်းရှိ လူတိုင်း လူတိုင်းနဲ့ ဝန်ထမ်းအသီးသီးတို့ရဲ့ တာဝန်ကျေပွန်မှု၊ ပေါင်းစပ်ညှိနှိုင်း လုပ်ကိုင်နိုင်မှု၊ တာဝန်ယူ၊ တာဝန်ခံနိုင်မှုနှင့် တိုးတက်မှုဆီသို့ ဦးတည်တဲ့ ပြင်းပြတဲ့ စိတ်ဓာတ်ကြောင့်ဖြစ်သည်တယ်လို့ ယုံကြည်ပါကြောင်း ဖော်ပြအပ်ပြီး လာမည့် ဘဏ္ဍာရေး နှစ်သစ်မှာလည်း တိုးတက်မှု၊ တာဝန်ယူမှုနှင့် တန်ဖိုးဖန်တီးမှု(value creation)ကို အခြေခံကာ မိမိတို့၏ မျှော်မှန်းချက်များ၊ ရည်မှန်းချက်များအား ဆက်လက်ဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း အစီရင်ခံအပ်ပါတယ်။

လေးစားအပ်ပါသော အစုရှယ်ယာရှင်များခင်ဗျား

ယနေ့အခြေအနေသည် မြန်ဆန်စွာ ပြောင်းလဲနေသော ဈေးကွက်တွင် လုပ်ငန်းတိုင်းအတွက် စိန်ခေါ်မှုများနှင့် ပြင်းထန်သည့် ဖိအားများကို ရင်ဆိုင်နေရသည့် အချိန်ကာလဖြစ်ပါတယ်။ Proven Group အနေဖြင့်လည်း အဆိုပါ အခက်အခဲများကို အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို မျှော်မှန်းကာ ထိရောက်သော အဖြေရှာမှုများကို အမြဲပြင်ဆင်လျက် ရှိပါသည်။ ထို့အပြင် မတည်ငြိမ်သော စီးပွားရေးပတ်ဝန်းကျင်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု၊ အဖွဲ့အစည်း၏ တန်ဖိုးမြှင့်တင်ခြင်းနှင့် စီးပွားရေးအကျိုးအမြတ် ထိရောက်မှုတို့ကို အလေးထား အကောင်အထည်ဖော်လျက်ရှိပါသည်။ အခက်အခဲမှများကို ရင်ဆိုင်ရခြင်းသည် စိန်ခေါ်မှုတစ်ရပ်ဖြစ်သော်လည်း၊ "ပြင်ဆင်မှုသည် အောင်မြင်မှု၏ အခြေခံဖြစ်သည်" ဟူသော ယုံကြည်ချက်ဖြင့် Proven Group သည် အနာဂတ်ကို ယုံကြည်မှုအပြည့်နှင့် ကြိုတင်ပြင်ဆင်နိုင်စွမ်းတို့ဖြင့် လုပ်ငန်းများကို တည်ငြိမ်စွာ ရှေ့ဆက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း တင်ပြပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ Proven Group အနေဖြင့် မိမိတို့၏ ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် အဖွဲ့အစည်းအားလုံး၏ အစဉ်ပံ့ပိုးမှု အားများစွာရယူပြီး တာဝန်ရှိသည့် စီမံခန့်ခွဲမှုအဖွဲ့အသီးသီး၏ ပူးပေါင်းဆောင်ရွက်မှု၊ ပြောင်းလဲတက်ကြွမှုနှင့် တာဝန်ယူမှုတို့ ကို အခြေခံကာ လုပ်ငန်းတိုးတက်မှုများ ဆက်လက်ရရှိရန် ဆောင်ရွက်သွား မည်ဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

သန်းထိုက်လွင်

CEO

# ၂.၂ ဒါရိုက်တာ အဖွဲ့

## ၂.၂.၁ ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းပုံ (Board Structure)

ဒါရိုက်တာအဖွဲ့သည် လွတ်လပ်သော စီမံအုပ်ချုပ်မှုနှင့် ပွင့်လင်းမြင်သာမှုကို အလေးထားသည့် အနေဖြင့်-

(၁) လွတ်လပ်ပြီး မျှတသော ဖွဲ့စည်းပုံ၊

(၂) အတွေးအမြင်စုံလင်မှုနှင့် ပွင့်လင်းဆွေးနွေးမှု၊

(၃) ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ အကောင်းဆုံး အလေ့ အကျင့်များ နှင့်

(၄) ရေရှည်တည်တံ့သော အောင်မြင်မှုအတွက် ကြိုးပမ်းအားထုတ်မှုများစသည့် မူများကို ကိုင်စွဲထားပါသည်။

သို့ပါ၍ ဒါရိုက်တာအဖွဲ့အား အမှုဆောင်မဟုတ်သောဒါရိုက်တာ အများစုဖြင့် ဖွဲ့စည်းကာ ပညာအရည်အချင်း၊ ကျား/မ ၊ အသက်အရွယ်၊ လူမျိုးနှင့် စီးပွားရေးလုပ်ငန်း အတွေ့ အကြုံ ပေါင်းစုံ ပါဝင်ရောယှက်မှုဖြင့် ဖွဲ့စည်းထားပါသည်။

## ၂.၂.၂ ဒါရိုက်တာအဖွဲ့

Proven Group of Companies၏ လုပ်ငန်း နယ်ပယ် အသီးသီးတွင် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီ အဖွဲ့စု တစ်ရပ်အဖြစ် အစဉ်ရပ်တည်နိုင်စေရန်၊ နိုင်ငံတကာအရည်အသွေးမှီထုတ်ကုန် အဆင့်နှင့် ဆောင်ရွက်သည့်နည်းစနစ် များအတိုင်း ထိန်းသိမ်း လုပ်ဆောင်နိုင်ရေး အတွေ့အကြုံနှင့် စွမ်းဆောင်ရည် ပြည့်ဝသည့် ဒါရိုက်တာအဖွဲ့က တာဝန်ယူ ထိမ်းကျောင်း ဆောင်ရွက်ပေးနေပါသည်။



# ဒါရိုက်တာအဖွဲ့



ဦးထွန်းမြင့်
ဥက္ကဋ္ဌ



ဦးသန်းထိုက်လွင်
အမှုဆောင်အရာရှိချုပ်



ဦးဇော်မျိုးမြင့်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးအောင်အောင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးမြင့်ဇော်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ

# ဒါရိုက်တာအဖွဲ့



ဒေါ်မြမြသန်း
အမှုဆောင်ဒါရိုက်တာ



ဦးတင့်မျိုးနိုင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးကျိန်မြင့် (ကိုယ်စား) ဦးငွေးယု
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးမြင့်နိုင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဒေါ်ဝမ်မေရီ
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးကြွင်ဂွမ်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးစိုင်းလှဝင်း
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးဉာဏ်သစ်လှိုင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးမျိုးမင်းထွန်း
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးမျိုးသစ်အောင်
အမှုဆောင်ဒါရိုက်တာ



ဦးမျိုးလွင်
အမှုဆောင်မဟုတ်သည့်
ဒါရိုက်တာ



ဦးအေးကို
အမှုဆောင် မဟုတ်သည့်
ဒါရိုက်တာ

## ၂.၂.၃ ဒါရိုက်တာများ လေ့ကျင့် ပျိုးထောင်မှု အစီအစဉ်

Proven Group of Companies သည် မိမိ၏ လုပ်ငန်းအဖွဲ့အစည်းကို ပိုမိုတိုးတက်စေရန်နှင့် ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးမှုများ ရရှိစေရေးအတွက် အစဉ်တစိုက် အားထုတ်လျက်ရှိသကဲ့သို့ ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ခြင်းနှင့် ဘဝတစ်သက်တာ သင်ယူမှု (Lifelong Learning) တို့ကို အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ Group of Companies အနေဖြင့် မိမိတို့၏ ဒါရိုက်တာများအား နိုင်ငံတကာ အဆင့်မီ စီးပွားရေး နည်းဗျူဟာများ၊ စီမံခန့်ခွဲမှုနည်းလမ်းများနှင့် လုပ်ငန်းခွင်အတွေ့အကြုံများ၊ လုပ်ငန်းတိုးတက်ရေးအတွက် အဆင့်မြင့် သင်တန်းများ၊ လေ့လာရေးခရီးစဉ်များနှင့် Mentorship အစီအစဉ်များကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးပါသည်။ ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအတွင်း ဒါရိုက်တာများအား သင်တန်းများ စေလွှတ် တက်ရောက်နိုင်ခဲ့ခြင်း မရှိကြောင်း ဖော်ပြအပ်ပါသည်။

## ၂.၂.၄ ဒါရိုက်တာအဖွဲ့ အစည်းအဝေးကျင်းပမှု

၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ Group of Companies ဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် မူဝါဒရေးရာ၊ အုပ်ချုပ်ရေးမှုရေးရာ စီမံခန့်ခွဲမှုရေးရာတို့နှင့် စပ်လျဉ်းပြီး လမ်းညွှန်မှု၊ ဦးဆောင်မှု၊ ထိန်းကျောင်းမှုများ အချိန်နှင့် တပြေးညီ ဆောင်ရွက်ပေးရန် Proven Group of Companies ၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးများအား အောက်ပါ အတိုင်း ကျင်းပခဲ့ပါသည်-

| ၂၀၂၄ ဧပြီလ မှ ၂၀၂၅ မတ်လအထိ ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့ အစည်းအဝေးများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမည် | စတင်အရွေးခံရသည့်နှစ် | နောက်ဆုံးအကြိမ်အရွေးခံရသည့်နှစ် | ရာထူး | တက်ရောက်ခဲ့သည့်အကြိမ် |
| ၁ | ဦးထွန်းမြင့် | ၁၉၉၆ | ၂၀၂၄ | ဥက္ကဋ္ဌ | ၄ |
| ၂ | ဦးသန်းထိုက်လွင် | ၂၀၀၈ | ၂၀၂၄ | အမှုဆောင်အရာရှိချုပ် | ၄ |
| ၃ | ဦးဇော်မျိုးမြင့် | ၂၀၁၁ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |
| ၄ | ဦးအောင်အောင် | ၁၉၉၆ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |
| ၅ | ဦးမြင့်ဇော် | ၂၀၀၈ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |
| ၆ | ဦးတင့်မျိုးနိုင် | ၂၀၂၀ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |
| ၇ | ဒေါ်မြမြသန်း | ၁၉၉၆ | ၂၀၂၄ | အမှုဆောင်ဒါရိုက်တာ | ၄ |
| ၈ | ဦးကျိန်မြင့် (ကိုယ်စား) ဦးဌေးယု | ၁၉၉၆ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၃ |
| ၉ | ဦးမြင့်နိုင် | ၁၉၉၆ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၃ |
| ၁၀ | ဒေါ်ဝမ်မေရီ | ၂၀၀၈ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၃ |
| ၁၁ | ဦးကြင်ဂွမ် | ၁၉၉၆ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |
| ၁၂ | ဦးစိုင်းလှဝင်း | ၂၀၂၀ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |
| ၁၃ | ဦးဉာဏ်သစ်လှိုင် | ၂၀၀၈ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |
| ၁၄ | ဦးမျိုးမင်းထွန်း | ၂၀၁၉ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |
| ၁၅ | ဦးမျိုးသစ်အောင် | ၂၀၀၈ | ၂၀၂၄ | အမှုဆောင်ဒါရိုက်တာ | ၄ |
| ၁၆ | ဦးမျိုးလွင် | ၁၉၉၆ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၂ |
| ၁၇ | ဦးအေးကို | ၂၀၀၅ | ၂၀၂၄ | အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ | ၄ |

## ၂.၂.၅ နှစ်ပတ်လည် စုံညီအစည်းအဝေး ကျင်းပမှု

၂၀၂၃ - ၂၀၂၄ Proven Group of Companies ၏ နှစ်ပတ်လည် စုံညီအစည်းအဝေးအား ၂၀၂၄ခုနှစ် ၊ ဩဂုတ်လ၊ (၁၇) ရက်နေ့တွင် ရန်ကုန်မြို့၊ Melia Hotel တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ နှစ်ပတ်လည် စုံညီအစည်းအဝေးသို့ ဒါရိုက်တာ အဖွဲ့အနေဖြင့် စုစုပေါင်း (၁၅)ဦး၊ ကိုယ်စား တက်ရောက်သူ (၂)ဦး၊ ဖိတ်ကြား၍တက်ရောက်သူ (၉)ဦး တက်ရောက်ခဲ့ကာ အောက်ပါ အချက်များ ဆုံးဖြတ်ခဲ့ပါသည်-

(က) Proven Group of Companies ၏ ၂၀၂၃-၂၀၂၄ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် နှစ်ပတ်လည် အစီရင်ခံစာ (Annual Report)တို့အား အတည်ပြုခဲ့သည့်အတွက် မှတ်တမ်းတင် ဆောင်ရွက်ရန်။

(ခ) ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖွဲ့ MNA Audit Firm ၏ ထောက်ခံတင်ပြချက်များကို မှတ်တမ်းတင်ဆောင်ရွက်ရန်။

(ဂ) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် Audit & Risk Management Committee ကို အဖွဲ့ဝင် (၅) ဦး၊ Nomination & Remuneration & Remuneration Committee အား အဖွဲ့ဝင် (၅) ဦးနှင့် Business Development Committee အား အဖွဲ့ဝင် (၇) ဦးတို့ဖြင့် ဖွဲ့စည်းခြင်းကို အတည်ပြုခဲ့သည့်အတွက် မှတ်တမ်းတင်သွားရန်။

(ဃ) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies ၏ ဒါရိုက်တာအဖွဲ့အား အဖွဲ့ဝင် (၁၇) ဦးဖြင့်ဖွဲ့စည်းခြင်းကို အတည်ပြုခဲ့သည့်အတွက် ဆက်လက်ဆောင်ရွက်သွားရန်။

(င) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် Proven Group of Companies ၏ ညီနောင်ကုမ္ပဏီများ တွင် အမှုဆောင်ဒါရိုက်တာ (၁၀)ဦး ရွေးချယ်ခန့်အပ်ခြင်း အတည်ပြုခဲ့သည့်အတွက် ဆက်လက် ဆောင်ရွက်ရန်။

(စ) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ညီနောင်ကုမ္ပဏီများသို့ ကိုယ်စားပြု ဒါရိုက်တာ (၈)ဦး စေလွှတ်ခြင်း ကို အတည်ပြုခဲ့သည့်အတွက် ဆက်လက် ဆောင်ရွက်သွားရန်။

(ဆ) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အကြံပေးပုဂ္ဂိုလ် (၂)ဦးအဖြစ် ဦးကျော်ညွန့်နှင့် ဦးအောင်ညွန့် တို့အား ခန့်အပ်ခြင်းကို အတည်ပြုခဲ့သည့်အတွက် ဆက်လက်ဆောင်ရွက်သွားရန်။

(ဇ) အစည်းအဝေးထိုင်ခ (Sitting Fees) ကို ခေတ်ကာလနှင့် လုပ်ငန်းပမာဏ အရ လည်းကောင်း၊ ထိန်းချုပ် ကော်မတီအစည်းအဝေးများ ကုန်ကျမည့်စရိတ်ကိုလည်းကောင်း ဘတ်ဂျက် လျာထားချက် ခွင့်ပြုခြင်းကို အတည်ပြုခဲ့သည့်အတွက် ဆက်လက်ဆောင်ရွက်သွားရန်။

(ဈ) ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် အမှုဆောင်ဒါရိုက်တာများ၏ လစာနှင့်စရိတ်ကို ပြင်ဆင်ချက် အတိုင်း ဆက်လက်ဆောင်ရွက်သွားရန်။

(ည) ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့၊ အမှုဆောင် ဒါရိုက်တာ များနှင့် ဝန်ထမ်း ဆုကြေး ပေးဝေမှုကို ဆက်လက်ဆောင်ရွက်သွားရန်။

၂၀၂၄ - ၂၀၂၅ Proven Group of Companies ၏ နှစ်ပတ်လည် စုံညီအစည်းအဝေးအား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ၊ (၁၆) ရက်နေ့တွင် The EravatiSule Grand Yangon Hotel၌ ကျင်းပရန် ကနဦး သဘောတူညီထားပါသည်။

## ၂.၃ စီမံခန့်ခွဲမှု အဖွဲ့



ဦးသန်းထိုက်လွင်သည် အမေရိကန်နိုင်ငံ Bemidji State University မှ B.Sc (Management, Marketing and Small Business Management) ဘွဲ့ကို ရရှိခဲ့ပါသည်။ IFC နှင့် Myanmar Institute of Director (MIoD) တို့မှ ကျင်းပသည့် Corporate Governance Programme သင်တန်းကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပါသည်။ ၂၀၀၅ ခုနှစ်တွင် Proven Technology Industry Company (PTIC) ကုမ္ပဏီ၏ အထွေထွေ မန်နေဂျာအဖြစ် စတင်တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် လုပ်ငန်းလည်ပတ်ရေး အရာရှိချုပ်(COO) နှင့် ၂၀၁၆ ခုနှစ်မှစ၍ အုပ်ချုပ်မှု ဒါရိုက်တာအဖြစ် တာဝန်များ ထမ်းဆောင်ခဲ့ပါသည်။ ဦးသန်းထိုက်လွင်သည် Proven Group ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး Group CEO အဖြစ်လည်း တာဝန်ယူဆောင်ရွက်လျက်ရှိကာ Proven Group ၏ ညီနောင်ကုမ္ပဏီများ၊ Myanmar Automobile Development Public Co., Ltd တို့တွင် ကိုယ်စားလှယ် ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း နှင့် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် အပိုပစ္စည်း လုပ်ငန်းရှင်များအသင်းတို့၏ ဉက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ၂၀၁၉ ခုနှစ်တွင် Young Alumni Award ဆုကို Bemidji State University ၏ နှစ် (၁၀၀)ပြည့် နှစ်ပတ်လည် နှင့် Gala ညစာစားပွဲတွင် ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ၂၀၁၆ခုနှစ်တွင် အာဆီယံဒေသ အတွင်း ဆုဖြစ်သည့် ASEAN-OSHNET BEST PRACTICES AWARD ကို PROVEN GROUP OF COMPANIES ၏ ညီနောင် ကုမ္ပဏီဖြစ်သည့် Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီက ရရှိစေခြင်း၊ ပွင့်သစ်စက ထုတ်ပြန်သည့် ပွင့်လင်းမြင်သာမှု အရှိဆုံး မြန်မာနိုင်ငံ ကုမ္ပဏီများ စာရင်းတွင် Proven Group အနေဖြင့် ၂၀၂၀ ခုနှစ်တွင် အဆင့် ၁၈၊ ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၃ ရရှိရာမှ ၂၀၂၄ ခုနှစ်တွင် အဆင့် ၉ ရရှိခဲ့ပြီး ထိပ်တန်းအဆင့် (၁၀)အတွင်း ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ UMFCCI ၏ အလုပ်မှုဆောင်ကော်မတီ(EC) ဝင်တစ်ဦး အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စက်မှု ကုန်ထုတ်လုပ်သူများ အသင်း (MIA) ၏ တွဲဖက်အထွေထွေ အတွင်းရေးမှူးတာဝန်များ ကိုလည်းကောင်း၊ Myanmar Barcode Association ၏ Founder တစ်ဦး လည်းဖြစ်ကာ လက်ရှိတွင် အဆိုပါအသင်း၏ ဒုတိယ ဉက္ကဋ္ဌ၊ မြန်မာနိုင်ငံ မော်တော်ယာဉ် အပိုပစ္စည်း လုပ်ငန်းရှင်များ အသင်း၏ Founder တစ်ဦးဖြစ်ကာ ဉက္ကဋ္ဌတာဝန်များကိုလည်းကောင်း ထမ်းဆောင်ပေးလျက်ရှိနေပါသည်။



ဒေါ်မြမြသန်းသည် မော်လမြိုင်တက္ကသိုလ်မှ B.Sc (Physics) ကို ရရှိခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် ခင်ပွန်းဖြစ်သူ ဦးအုန်းလွင် နှင့်အတူ Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီကို စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သူလည်း ဖြစ်ပါသည်။ Proven Technology Industry Co., Ltd (PTIC) ကုမ္ပဏီ၏ ဒါရိုက်တာ (ဘဏ္ဍာရေး) ရာထူးဖြင့် ၂၇ နှစ်တိုင်တိုင် တာဝန် ထမ်းဆောင်ပေးခဲ့ပါသည်။ လက်ရှိတွင် Proven Group ၏ အချိန်ပိုင်း အမှုဆောင် ဒါရိုက်တာ (ဘဏ္ဍာရေး) အဖြစ် တာဝန်ယူ ဆောင်ရွက်ပေးလျက် ရှိပါသည်။



ဦးမျိုးသစ်အောင်သည် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ M.Com ဘွဲ့ကို ရရှိခဲ့ပါသည်။ RV-Singapore မှ Diploma in ESHRM ကို လည်းကောင်း၊ Diploma in Financial Reporting (UK) ကို လည်းကောင်း ရရှိခဲ့ပါသည်။ Proven Technolgy Industry Co., Ltd (PTIC) ကုမ္ပဏီသို့ ၂၀၀၁ ခုနှစ်တွင် ဘဏ္ဍာရေး မန်နေဂျာအဖြစ် စတင် ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒါရိုက်တာအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရပါသည်။ လက်ရှိတွင် Proven Group ၏ စီမံခန့်ခွဲရေးနှင့် ငွေစာရင်း တာဝန်ကို ပူးတွဲ ဆောင်ရွက်လျက် ရှိပါသည်။ IFC နှင့် Myanmar Institute of Director (MIoD) တို့မှ ကျင်းပသည့် Corporate Governance Programmeနှင့် MIoD ၏ Director Certification Programတို့ကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပါသည်။



ဦးအေးကိုသည် ခဲအက်ဆစ်ဘက်ထရီထုတ်လုပ်ခြင်း၊ အရည်အသွေး စီမံထိန်းသိမ်းခြင်းနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်မှုများတွင် နှစ်ပေါင်း (၃၀)ကျော် အတွေ့အကြုံရှိသူဖြစ်ပြီး မြန်မာနိုင်ငံ ဘက်ထရီထုတ်လုပ်မှုလုပ်ငန်း ပြောင်းလဲမှုတွင် ပါဝင် ဆောင်ရွက်ခဲ့သူလည်း ဖြစ်ပါသည်။ MIoD ၏ Director Certification Program တို့ကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပြီး လက်ရှိတွင် Proven Polyworld Co., Ltd ၏ အုပ်ချုပ်မှု ဒါရိုက်တာ၊ Proven Technology Industry Co., Ltd နှင့် Yangon Metal Indsutry Co., Ltd တို့၏ ထုတ်လုပ်ရေး ဒါရိုက်တာ အဖြစ် ပူးတွဲ တာဝန် ထမ်းဆောင်ပေးလျက်ရှိပါသည်။



ဦးသန့်ဇော်ဦးသည် ဒဂုံတက္ကသိုလ်မှ B.Sc (Maths)ဘွဲ့ကို ရရှိခဲ့ပါသည်။ UMFCCI နှင့် HIDA တို့ပူပေါင်းဖွင့်လှစ်သည့် စီမံခန့်ခွဲမှုသင်တန်းအား ဂျပန်နိုင်ငံတွင် တက်ရောက် အောင်မြင်ခဲ့ပါသည်။ Proven Technology Industry Co., Ltd ကုမ္ပဏီသို့ ၁၉၉၈ ခုနှစ်၌ Sale and Marketing အပိုင်းမှ စတင်ဝင်ရောက် လုပ်ကိုင်ခဲ့ပြီး ရာထူးတာဝန်အမျိုးမျိုး တိုးမြှင့်ထမ်းဆောင်ခဲ့ရာ ၂၀၂၁ ခုနှစ်မှစ၍ Proven Distribution Co., Ltd ၏ Sales and Marketing ဒါရိုက်တာ အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိပါသည်။ IFC နှင့် Myanmar Institute of Director (MIoD) တို့မှ ကျင်းပသည့် Corporate Governance Programme နှင့် MIoD ၏ Director Certification Program တို့ကို တက်ရောက်အောင်မြင်ထားသည့် Certified Director တစ်ဦးဖြစ်ပါသည်။



ဦးကျော်ညွန့်သည် Proven Group of Companies ၏ အကြံပေးပုဂ္ဂိုလ်တစ်ဦးအဖြစ် ၂၀၀၇ ခုနှစ်မှစ၍ စတင်ခန့်အပ်ခြင်း ခံခဲ့ရပါသည်။ ၁၉၄၁ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားပြီး Methodist အထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် B.A ဘွဲ့ရရှိခဲ့ပြီး စာရင်းအင်း ဒီပလိုမာကို ရရှိခဲ့ပါသည်။ အင်္ဂလန်နိုင်ငံ University of Strathclyde တွင် Advance Accounting and Finance ဘာသာရပ်ကို လေ့လာသင်ယူခဲ့ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) နှင့် ASEAN Chartered Practising Accountant တစ်ဦး လည်း ဖြစ်ပါသည်။

၁၉၈၃ခုနှစ်တွင် စာရင်းစစ်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးရာထူးဖြင့် လည်းကောင်း၊ ၁၉၈၈ ခုနှစ်တွင် ရှမ်းပြည်နယ်စာရင်းစစ်အရာရှိအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၅ခုနှစ်တွင် စာရင်းစစ်ချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ရာထူးမှ အငြိမ်းစားယူခဲ့ကာ Kyaw Nyunt & Associates ပြင်ပ စာရင်းစစ်အဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ စွမ်းအင်၊ သတ္တုတွင်း၊ ရေကြောင်း သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ အကြီးစားစက်မှုလုပ်ငန်းနှင့် လူမှုဖူလုံရေး ကဏ္ဍများကို စာရင်း စစ်ဆေးခြင်းတွင် အတွေ့အကြုံများစွာ ရှိပါသည်။ လူမှုအဖွဲ့အစည်းဆောင်ရွက်ချက်များအနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီ (Myanmar Accountancy Council) ၏ ကောင်စီဝင် တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ၏ နာယက တစ်ဦးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အကြံပေးဝန်ဆောင်မှုများအပြင် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူနှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ အဖြစ်လည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။ Corporate Governance စာအုပ်နှင့် Dictionary for Accounting စာအုပ်များကို ရေးသားပြုစုသည့် စာရေးဆရာလည်း ဖြစ်ပါသည်။



ဦးအောင်ညွှန့်သည် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွက် အကြံပေးအရာရှိအဖြစ် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လမှစ၍ ခန့်ထားခြင်း ခံခဲ့ရပါသည်။ ၁၉၄၄ ခုနှစ်တွင် မွေးဖွားပြီး မြို့မအထက်တန်းကျောင်းတွင် ပညာဆည်းပူးခဲ့ပါသည်။ ၁၉၆၄ ခုနှစ် တွင် B. Com (Accounting)၊ ၁၉၆၅ ခုနှစ်တွင် Registered Accountant (Full-fledge) (ယခု CPA) ဘွဲ့ကို ရရှိခဲ့ပါသည်။ ၁၉၆၆ မှ ၂၀၀၇ ခုနှစ်အထိ (၄၁)နှစ်ခန့် မြန်မာ့သစ်လုပ်ငန်း၏ ဘဏ္ဍာရေး/ ငွေစာရင်းဌာနနှင့် စီမံကိန်းဌာနတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အထွေထွေ မန်နေဂျာ (စီမံကိန်း) ရာထူးဖြင့် အငြိမ်းစားယူခဲ့ပါသည်။ တွဲဖက်တာဝန်အဖြစ် ၁၉၉၁ ခုနှစ်တွင် နေရှင်နယ် အင်ဒတ်စရီရယ်ဟိုလ်ဒင်းကုမ္ပဏီလီမိတက် (NIHL) (အများပိုင်ကုမ္ပဏီ) ၌ ၂နှစ်ခွဲခန့် ဒါရိုက်တာ (ဘဏ္ဍာရေး) တာဝန် ထမ်းဆောင်ခဲ့ပါသည်။

၁၉၉၅ မှ ၁၉၉၆ ခုနှစ်အထိ မြန်မာ့သစ်တောထွက်ပစ္စည်းဖက်စပ် ကော်ပိုရေးရှင်းလီမိတက် (Forest J.V) (အများပိုင်ကုမ္ပဏီ)၊ နိုင်ငံခြားဖက်စပ် မြန်မာ-ကိုးရီးယား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုကုမ္ပဏီ (MKTI)၊ မြန်မာဆီးလ် ကုမ္ပဏီလီမိတက် (M.S.L) နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန ကုမ္ပဏီ လီမိတက် (I.B.C) တွင် မြန်မာ့သစ်လုပ်ငန်း၏ အချိန်ပိုင်း ဒါရိုက်တာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၂၀၀၈ မှ ၂၀၁၃ ခုနှစ်အထိ အောင်ညွှန့်နှင့်အဖွဲ့စာရင်းစစ်အမည်ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်/ စက်မှု အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း (MES)၊ NGO-Japan Seeds Asia Project၊ ပြည်မြို့ ရွှေဆံတော် ဂေါပက ဘဏ္ဍာတော်ထိန်းအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန လီမိတက် (I.B.C)တို့ကို (၆) နှစ်ခန့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး စာရင်းစစ် အစီရင်ခံစာများ ထုတ်ပြန်ခဲ့ပါသည်။

အစိုးရတာဝန်ဖြင့် နိုင်ငံ (၉) နိုင်ငံတွင် ဘဏ္ဍာရေး စီမံခန့်ခွဲမှု ပညာဆွေးနွေးပွဲများ တက်ရောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ဧပြီလတွင် IFC နှင့် Myanmar Institute of Director (MIOD) တို့ ကျင်းပသည့် Audit Committee Master Programme သင်တန်းကိုလည်း တက်ရောက်ခဲ့ပါသည်။

## ၂.၄ ဒါရိုက်တာအဖွဲ့၏ ကော်မတီများ

### ၂.၄.၁ အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေးကော်မတီ

အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေ သတ်မှတ်ရေး ကော်မတီကို အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ (၃)ဦးနှင့် အကြံပေးပုဂ္ဂိုလ် (၂)ဦး၊ စုစုပေါင်း (၅)ဦးဖြင့် ဖွဲ့စည်းထားပါသည်-

| အမည် | ရာထူး | တာဝန် |
|---|---|---|
| ဦးညဏ်သစ်လှိုင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ဦးမျိုးလွင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးကြင်ဝွမ် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးမြင့်နိုင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးကျော်ညွန့် | အကြံပေးပုဂ္ဂိုလ် | အဖွဲ့ဝင် |

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကာလအတွက် အမည်စာရင်းတင်သွင်းရေးနှင့်အခကြေးငွေ သတ်မှတ်ရေး ကော်မတီ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပနိုင်ခဲ့ပါသည်-

| ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း ၂ ကြိမ် ဖြစ်သည်။ | ၂ |
|---|---|
| | တက်ရောက်ခဲ့သည့် အရေအတွက် |
| ဦးညဏ်သစ်လှိုင် | ၂ |
| ဦးမျိုးလွင် | ၁ |
| ဦးကြင်ဝွမ် | ၂ |
| ဦးမြင့်နိုင် | ၂ |
| ဦးကျော်ညွန့် | ၂ |

အမည်စာရင်း တင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီသည် အောက်ပါ တာဝန်များကို ဆောင်ရွက်ခဲ့ပါသည်-

(၁) အမှုဆောင်ဒါရိုက်တာများ၊ ဒါရိုက်တာများနှင့် ထိပ်တန်းစီမံခန့်ခွဲသူများအတွက် အခကြေးငွေ နှင့် အစည်းအဝေး တက်ရောက်ခကြေးငွေ (Sitting Fee) ပမာဏပြင်ဆင်သတ်မှတ် ထောက်ခံပေးခြင်း ။

(၂) ၂၀၂၃-၂၀၂၄ အတွက် ဝန်ထမ်းများ သက်ကြီးရွယ်အိုနှင့် အခြေခံလစာ တစ်လစာ Bonusနှင့် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ် အတွက် ဝန်ထမ်းလစာ တိုးမြှင့်သတ်မှတ်ပေးခြင်း ။

(၃) ၂၀၂၂- ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာရှင်များ အမြတ်ခွဲဝေခြင်း ။

(၄) ဆန္ဒပြုထားသူ အစုရှယ်ယာရှင်များအနက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းအရည် အချင်းနှင့် သင့်တော်ကိုက်ညီပြီး အတွေ့အကြုံ မြင့်မားသူများကို ဒါရိုက်တာအသစ် များ ရွေးချယ်ခန့်အပ်ခြင်း ။

(၅) ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ရွေးချယ်ထားသော ဒါရိုက်တာ (၁၇) ဦးအား ဒါရိုက်တာများအဖြစ် ခန့်ထားပေးရန်နှင့် ထိန်းချုပ်ကော်မတီအဖွဲ့ဝင်များကို အတည်ပြုထောက်ခံပေးရန် တင်ပြ

## ၂.၄.၂ စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ

စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များစီမံခန့်ခွဲမှု ကော်မတီကို အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ (၃) ဦး နှင့် အကြံပေး ပုဂ္ဂိုလ်(၂)ဦး၊စုစုပေါင်း(၅)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

| အမည် | ရာထူး | တာဝန် |
|---|---|---|
| ဦးအောင်ညွန့် | အကြံပေးပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| ဦးကျိန်မြင့် (ကိုယ်စား ဦးဌေးယု) | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးစိုင်းလှဝင်း | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးမြင့်ဇော် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးကျော်ညွန့် | အကြံပေးပုဂ္ဂိုလ် | အဖွဲ့ဝင် |

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ကာလအတွက် စာရင်းစစ်နှင့်ဆုံးရှုံးနိုင်ခြေရှိအန္တရာယ်များ စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပနိုင်ခဲ့ပါသည် -

| ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း ၂ ကြိမ် ဖြစ်သည်။ | ၂ |
|---|---|
| | တက်ရောက်ခဲ့သည့် အရေအတွက် |
| ဦးအောင်ညွန့် | ၂ |
| ဦးကျိန်မြင့် (ကိုယ်စား ဦးဌေးယု) | ၂ |
| ဦးစိုင်းလှဝင်း | ၂ |
| ဦးမြင့်ဇော် | ၂ |
| ဦးကျော်ညွန့် | ၂ |

စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှုကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်-

(၁) Internal Audit အဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအပေါ် ညီနောင် ကုမ္ပဏီများက လိုက်နာ ဆောင်ရွက်မှု အခြေအနေကို ဆန်းစစ်ခြင်း။

(၂) အခွန်ဆိုင်ရာ ဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ ဆန်းစစ်ပေးရန် တာဝန်ပေးအပ်ထားခြင်း။

(၃) ဘဏ္ဍာရေး မူဝါဒနှင့် ပုံသေပိုင်ဆိုင်ပစ္စည်းများ စီမံခန့်ခွဲနည်းမူဝါဒထုတ်ပြန်ခြင်း။

(၄) ဘဏ္ဍာရေးရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့သို့ တင်ပြရန် ပြန်လည်စစ်ဆေးခြင်း။

(၅) Risk Management ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း။

PROVEN GROUP OF COMPANIES

## ၂.၄.၃ စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး လုပ်ဆောင်မှု ကော်မတီ (Business Development Committee)

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုကော်မတီကို အမှုဆောင်ဒါရိုက်တာ(၂)ဦး နှင့် အမှုဆောင် မဟုတ်သည့် ဒါရိုက်တာ(၄)ဦး၊ အကြံပေးပုဂ္ဂိုလ်(၁)ဦး၊ စုစုပေါင်း(၇)ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်း ထားပါသည်-

| အမည် | ရာထူး | တာဝန် |
|---|---|---|
| ဦးအောင်အောင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | ဥက္ကဋ္ဌ |
| ဦးဉာဏ်သစ်လှိုင် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးမြင့်ဇော် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးဇော်မျိုးမြင့် | အမှုဆောင်မဟုတ်သည့် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးသန်းထိုက်လွင် | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| ဦးမျိုးသစ်အောင် | အမှုဆောင် ဒါရိုက်တာ | အဖွဲ့ဝင် |
| ဦးအောင်ညွန့် | အကြံပေးပုဂ္ဂိုလ် | အဖွဲ့ဝင် |

| ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ကျင်းပခဲ့သည့် အစည်းအဝေး အရေအတွက် စုစုပေါင်း ၃ ကြိမ် ဖြစ်သည်။ | ၃ |
|---|---|
| ဦးအောင်အောင် | တက်ရောက်ခဲ့သည့် အရေအတွက် |
| ဦးဉာဏ်သစ်လှိုင် | ၃ |
| ဦးမြင့်ဇော် | ၃ |
| ဦးဇော်မျိုးမြင့် | ၃ |
| ဦးသန်းထိုက်လွင် | ၃ |
| ဦးမျိုးသစ်အောင် | ၃ |
| ဦးအောင်ညွန့် | ၃ |

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(၁) PTIC Plant III စက်ရုံအသစ်အား မြောင်းတကာ စက်မှုဇုန်တွင် တည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များ။

(၂) Business Expansion ဖြစ်သည့် New Energy Solution Department (ယခု Proven Energy Co., Ltd) တည်ထောင်ခြင်းဆိုင်ရာ ကိစ္စရပ်များ။

(၃) Proven Auto Co., Ltd အတွက် EV ကားနှင့်ပတ်သက်၍ Authorized Distributorship ရရှိရေး ကိစ္စရပ်များ။

(၄) ရုံးချုပ်မြေနေရာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ။

## ၂.၄.၄ စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီ (Business Continuity Committee)

စီးပွားရေး စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းထားပါသည်-

| ဖြန့်ဖြူးရေး ကဏ္ဍ | ထုတ်လုပ်ရေး (စက်ရုံ) |
|---|---|
| ၁။ အုပ်ချုပ်မှုဒါရိုက်တာ | ၁။ အုပ်ချုပ်မှုဒါရိုက်တာ |
| ၂။ ဒါရိုက်တာ (စီမံ နှင့် ငွေစာရင်း) | ၂။ ဒါရိုက်တာ (စီမံ နှင့် ငွေစာရင်း) |
| ၃။ အထွေထွေမန်နေဂျာ | ၃။ ဒါရိုက်တာ (ထုတ်လုပ်ရေး) |
| ၄။ မန်နေဂျာ (စီမံ) | ၄။ စက်ရုံမှူး |
| ၅။ မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်) | ၅။ မန်နေဂျာ (စီမံ) |
| ၆။ မန်နေဂျာ (အရောင်း) | ၆။ မန်နေဂျာ (လူ့စွမ်းအားအရင်းအမြစ်) |
| ၇။ မန်နေဂျာ (ငွေစာရင်း) | ၇။ မန်နေဂျာ (ထုတ်လုပ်ရေး) |
| ၈။ စီမံခန့်ခွဲမှုကိုယ်စားလှယ် | ၈။ စာရင်းကိုင် |
| | ၉။ စီမံခန့်ခွဲမှုကိုယ်စားလှယ် |

စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကော်မတီသည် အောက်ပါတာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -

(၁) ရေးဆွဲထားခဲ့သည့် စီးပွားရေး စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးဆိုင်ရာစီမံချက် (Business Continuity Plan- BCP)များ ပြန်လည် ပြင်ဆင် ရေးဆွဲခြင်း။

# အခန်း(၃)

## Coporate Social Responsibility

# PROVEN GROUP OF COMPANIES



# ကော်ပိုရိတ်လူမှုတာဝန်

ကော်ပိုရိတ်လူမှုတာဝန် (Corporate Social Responsibility - CSR) ဆိုသည်မှာ ကုမ္ပဏီတစ်ခုအနေဖြင့် ၎င်း၏ လုပ်ငန်းဆောင်ရွက်မှုများတွင် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာ တာဝန်ယူမှုများကို မိမိကိုယ်တိုင် စည်းကမ်းသတ်မှတ် အကောင်အထည်ဖော်သည့် စီးပွားရေးပုံစံတစ်ရပ်ဖြစ်ပါသည် ။ CSR သည် ကုမ္ပဏီ၊ ၎င်း၏ အကျိုး သက်ဆိုင်သူများ (stakeholders) နှင့် လူမှုအဖွဲ့အစည်းတစ်ရပ်လုံးအပေါ် တာဝန်ယူမှုရှိစေရန် ရည်ရွယ်ပါသည် ။ ယနေ့ခေတ်တွင် လူအများစုသည် လူမှုအဖွဲ့အစည်းအတွက် အကျိုးပြုသည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်လာကြပြီး၊ အဆိုပါလုပ်ငန်းများကို အားပေးထောက်ခံလာကြသည် ။ ထို့ကြောင့် CSR သည် ကုမ္ပဏီတစ်ခု၏ ပုံရိပ်နှင့် ဂုဏ်သတင်းကို မြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည် ။ ဤကဲ့သို့ CSR လုပ်ငန်းများကို ကမ္ဘာတစ်ဝှမ်းရှိ ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းများက နည်းမျိုးစုံဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည် ။ CSR သည် လူမှုအသိုင်းအဝိုင်းအတွက် အကျိုးပြုရုံသာမက၊ ကုမ္ပဏီ၏ ရေရှည် တည်တံ့ခိုင်မြဲမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းကိုပါ မြှင့်တင်ပေးနိုင်သည့် အရေးကြီးသော မဟာဗျူဟာတစ်ရပ်ဖြစ်ပါသည် ။

## ၃.၁ Proven Group of Companies ၏ ကော်ပိုရိတ်လူမှုတာဝန် (CSR)

Proven Group of Companies ၏ လုပ်ငန်းအသီးသီးမှ ရရှိသော အကျိုးအမြတ်များကို ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍများတွင် အမှန်တကယ် လိုအပ်နေသော လူမှုအကျိုးပြုလုပ်ငန်းအတွက် စနစ်တကျ အသုံးပြုလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကုမ္ပဏီဝန်ထမ်းများ၏ သားသမီးများအပါအဝင်၊ လိုအပ်ချက်ရှိသူအားလုံးအတွက် ကာလတို၊ ကာလရှည် စီမံကိန်းများ ရေးဆွဲ၍ ရည်မှန်းချက်ပန်းတိုင်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

Proven Group of Companies အနေဖြင့် အောက်ပါ ယန္တရားအဆင့်များ အတိုင်း ကော်ပိုရိတ်လူမှုတာဝန် (CSR) များကို မူဝါဒရေးရာ ဦးဆောင်ကော်မတီ (Steering Committee) က မူဝါဒနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးဆုံးဖြတ်ချမှတ်ပြီး သက်ဆိုင်ရာ ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှု အဖွဲ့ (Task Force) များက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ၃.၂ ကော်ပိုရိတ် လူမှုတာဝန် လုပ်ငန်းများ

Proven Group of Companies အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ကော်ပိုရိတ် လူမှုတာဝန်များ ဆောင်ရွက်ခဲ့ပါသည်-

### (က) စုပေါင်းသွေးလှူဒါန်းခြင်း

Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများမှ စေတနာရှင် ဝန်ထမ်းများစုပေါင်း၍ ရန်ကုန်အမျိုးသားသွေးလှူဘဏ်တွင် ၈-၃-၂၀၂၅ ရက်နေ့၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြပါသည်။




## (၁) အဟာရဒါနလှူဒါန်းခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အား ကြိုဆိုဂုဏ်ပြုသည့် အနေဖြင့် ၁-၅-၂၀၂၄ ရက်နေ့တွင် ရန်ကုန်တိုင်း ဒေသကြီး၊ တာမွေမြို့နယ်၊ အလုပ်သမားဆေးရုံကြီးနှင့် ရန်ကုန် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တို့တွင် ဆေးရုံတက်ရောက်နေသူများအား အဟာရဒါနလှူဒါန်းခဲ့ပါသည်။





## (ဂ) ကမ္ဘာ့ပတ်ဝန်းကျင်နေ့ ဆိုင်ရာဆောင်ရွက်ခြင်း

၅-၆-၂၀၂၄ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ ပတ်ဝန်းကျင်နေ့အား ကြိုဆိုဂုဏ်ပြုသည့် သဘောဖြင့်လည်းကောင်း၊ ကျောင်းပတ်ဝန်းကျင် သာယာလှပစေရန်လည်းကောင်း ရည်ရွယ်၍ သစ်ပင်စိုက်ပျိုးခြင်း အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမက (၈) မူလွန်ကျောင်း တွင် ကျင်းပပြုလုပ်ခဲ့ပြီး Proven Group of Companies ၏ CEO ဦးဆောင်လျက် ညီနောင်ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ စိန်ပန်း၊ ခရေ၊ ထိုင်ဝမ်ဗန်ဒါ၊ ငုဝါပင်များ စုစုပေါင်း (၅၀)ကျော် စုပေါင်း စိုက်ပျိုးခဲ့ပါသည်။









## (ဃ) ဝန်ထမ်း သား/သမီးများ ပညာရေးဆိုင်ရာ ထောက်ပံ့ခြင်းနှင့် စာသင်ကျောင်းများသို့ လှူဒါန်းခြင်း

၂၀၂၄-၂၀၂၅ ပညာသင်နှစ်သို့ တက်ရောက်မည့် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများမှ ဝန်ထမ်းများ၏ သား/သမီး (၂၃၄) ဦးအား ဗလာစာအုပ်၊ ခဲတံ၊ ထမင်းချိုင့်၊ မိုးကာစသည် တို့အား Proven Group of Companies က ပေးအပ်ခဲ့ပါသည်-




ရွှေပြည်သာ မြို့နယ်၊ အမက (၈)မူလွန်ကျောင်းတွင် စာသင်သားများအတွက် သင်ကြားရေး အထောက်အပံ့ ဖြစ်စေရန် တန်ဖိုး (၂၀) သိန်းကျပ် ကုန်ကျခံလျှက် အဝင်လျောက်လမ်း ကွန်ကရစ် လမ်းခင်းခြင်း၊ သောက်ရေခန်း ကွန်ကရစ် ထပ်မံမြင့်တင်ခြင်း၊ အိမ်သာခန်းများ အတွင်းအပြင် ဆေးသုတ်ခြင်းနှင့် ပြုပြင်ခြင်း၊ ရေပိုက်များ လှူဒါန်းခြင်း။ Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd အနေဖြင့် ၂၇-၂-၂၀၂၄ ရက်နေ့ တွင် မြောင်းတကာစံပြကျေးရွာ အထက်တန်း ကျောင်းသို့ တန်ဖိုး (၅၆)သိန်း ကျပ် တန် မိတ္တူစက်နှင့် Copier Papers ပေးအပ် လှူဒါန်းခဲ့ပါသည်။

## (င) အပန်းဖြေအားကစားကွင်း (Theme Park) သုံး ပစ္စည်းများ လှူဒါန်းခြင်း

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့တွင် Proven Group of Companies သည် ညီနောင် ကုမ္ပဏီများ ဖြစ်သည့် Proven Technology Industry Co., Ltd၊ Yangon Metal Industry Co., Ltd တို့ နှင့် ပူးပေါင်း၍ ရန်ကုန်တိုင်း ဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိ သံရည် ကျိုစက်မှုဇုန် စီမံခန့် ခွဲရေးကော်မတီဝင်းအတွင်းတွင်တည်ရှိသော အပန်းဖြေ အားကစားကွင်းသို့ ကျန်းမာရေး လေ့ကျင့်ခန်းသုံး ပစ္စည်းများ၊ ကလေးများ ကစားရန် ပစ္စည်းများ၊ အများပြည်သူအပန်းဖြေရန် နေရာများ ကို တပ်ဆင်လှူဒါန်းခဲ့ပါသည်။





## (စ) ရေဘေးဆိုင်ရာ လှူဒါန်းခြင်း

၂၀၂၄ခုနှစ်၊ စက်တင်ဘာလတွင် Proven Group of Companies Limited အနေဖြင့် ရေဘေး အန္တရာယ်ကျရောက်ခဲ့သည့် နေပြည်တော်၊ လောနှင့်လယ်ဝေးမြို့တို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများသို့ ကျပ်သိန်း (၃၅)သိန်းတန်ဖိုးရှိ T-Shirt များ၊ တံတားဦး၊ မြစ်ငယ်၊ စဥ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သားမြို့တို့ရှိ ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများသို့ ကျပ်သိန်း (၁၅)သိန်းတန်ဖိုးရှိ အစားအစာနှင့်ဆေးဝါးများ၊ တောင်ငူနှင့် နေပြည်တော် ကယ်ဆယ်ရေး စခန်းများမှ ရေဘေးသင့်ပြည်သူများသို့ ကျပ်သိန်း (၅၀)သိန်း တန်ဖိုးရှိ အစားအစာနှင့်ဆေးဝါးများ၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်သူများအသင်း (MIA)နှင့် နေပြည်တော်မော်တော်ယဥ်အပိုပစ္စည်းလုပ်ငန်းရှင်များ အသင်း (NACSAA)သို့ တစ်သင်းလျှင် ကျပ် (၁၀) သိန်းစီ လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပါသည်။





## (ဆ) အပြည်ပြည်ဆိုင်ရာ ခဲ အဆိပ်သင့်မှုကာကွယ်ရေး ရက်သတ္တပတ် လှုပ်ရှားခြင်း

Proven Group of Companies အနေဖြင့် Lead-Acid ဘက်ထရီ ထုတ်လုပ်မှုအပေါ် အပြည်ပြည် ဆိုင်ရာ ခဲ အဆိပ်သင့်မှု ကာကွယ်ရေး ရက်သတ္တပတ် အထိမ်းအမှတ် အနေဖြင့် ခဲ အန္တရာယ် ကာကွယ်ရေး ဟောပြောပွဲများ ကျင်းပခြင်း၊ ခဲဆိပ်အန္တရာယ် အသိပြုဘွယ် ခေါင်းစဥ်ဖြင့် ခဲဆိပ် အန္တရာယ် တားဆီး ကာကွယ်ရေးဆိုင်ရာ လှုပ်ရှားမှုများ လုပ်ဆောင်ခဲ့ပါသည်။






## (၈) လူမှုရေး အဖွဲ့အစည်းများအား လှူဒါန်းခြင်း

၂၀၂၄ခုနှစ်၊ အောက်တိုဘာလတွင် Proven Group of Companies အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ မနောဖြူ လူမှု ကူညီမှု အသင်းနှင့် ကရုဏာ လူမှုအကျိုးပြု အသင်းတို့အား ၎င်းတို့၏ လူမှု အကျိုးပြု လုပ်ငန်း များတွင် အသုံးပြုနေသည့် မော်တော်ယဉ်များတွင် တပ်ဆင် အသုံးပြုရန်နှင့် လဲလှယ်ရန် Proven Group of Companies က ထုတ်လုပ် ဖြန့်ဖြူး ရောင်းချသည့် TOYO Battery၊ တင်သွင်း ရောင်းချသည့် STATES အင်ဂျင်ဝိုင်၊ တန်ဖိုး ကျပ် (၄,၁၇၉,၇၀၀)ကို ပေးအပ်လှူဒါန်းခဲ့ပါသည်။









# အခန်း(၄)

## Sustainability

# PROVEN GROUP OF COMPANIES



# ၄.၁ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ မဟာဗျူဟာ

PROVEN GROUP OF COMPANIES သည် အသုံးပြုပြီးသည့် ခဲများအား ပြန်လည် သန့်စင်ခြင်း၊ ခဲ-အက်စစ် ဘက်ထရီထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ပလတ်စတစ် Injection နှင့် Blow Moulding ဆိုင်ရာ လုပ်ငန်း၊ ပြန်လည် ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ လုပ်ငန်း၊ မော်တော်ယာဉ် အပိုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်း ဖြန့်ဖြူးခြင်း၊ မြေယာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို လုပ်ကိုင်နေသည့် ကုမ္ပဏီ အဖွဲ့စု တစ်ရပ်ဖြစ်ခြင်းကြောင့် အဆိုပါ လုပ်ငန်းများနှင့် ကိုက်ညီသည့် အောက်ပါ မဟာဗျူဟာ (၅)ရပ်ကို ချမှတ်ထားပါသည်-

(၁) သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု (Environmental Stewardship)
(၂) တာဝန်ယူမှုရှိသည့် ထောက်ပံ့ဖြည့်ဆည်းရေး (Responsible Supply Chain)
(၃) လူမှုအဖွဲ့စည်းဆိုင်ရာ ထိတွေ့မှု (Community Engagement)
(၄) ဆန်းသစ်မှုနှင့် စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းမှု (Innovation and Continuous Improvement)
(၅) ပွင့်လင်းမြင်သာရှိမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု (Transparency and Accountability)

# ၄.၂ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment)

PROVEN GROUP OF COMPANIESသည် ဘက်ထရီထုတ်လုပ်ခြင်း၊ အသုံးပြုပြီးသည့် ခဲများအား ပြန်လည် သန့်စင်ခြင်းစသည့် လက်ရှိစီးပွားရေးလုပ်ငန်းများကြောင့် အောက်ပါအဓိကအကြောင်းအရာများဖြင့် သဘာဝ ပတ်ဝန်းကျင် အပေါ် ထိခိုက်နိုင်သည်ဟု သတ်မှတ်ထားပါသည် -

(က) ဖန်လုံအိမ် ဓါတ်ငွေ့ (Green House Gas) ထုတ်လွှတ်မှု
(ခ) စွမ်းအင် သုံးစွဲမှု
(ဂ) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတု ပစ္စည်းများ ယိုဖိတ်မှု

## ၄.၂.၁ ဖန်လုံအိမ် ဓါတ်ငွေ့(Green House Gas) ထုတ်လွှတ်မှု

PROVEN GROUP OF COMPANIES ၏ ဘက်ထရီထုတ်လုပ်ခြင်း၊ အသုံးပြုပြီးသည့် ခဲများအား ပြန်လည် သန့်စင်ခြင်း လုပ်ငန်းများ အပါအဝင် စီးပွားရေး လုပ်ငန်းများကြောင့် ထွက်ရှိလာသည့် ဖန်လုံအိမ် ဓါတ်ငွေ့ ထုတ်လွှတ်မှုအား ၂၀၁၂ ခုနှစ် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး ဥပဒေ ပြဋ္ဌာန်းချက်ပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် လုပ်ငန်းခွင်တိုင်းက အလေးထား ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ဖန်လုံအိမ် ဓါတ်ငွေ့ ထုတ်လွှတ်မှု အောက်ပါအတိုင်း ဖြစ်ပြီး လက်ရှိ အနေအထားအရ သဘာဝ ပတ်ဝန်းကျင်ပေါ် ထိခိုက်သက်ရောက်မှု မရှိကြောင်း တွေ့ရှိရပါသည် -

716 Tons CO2 Eq

## ၄.၂.၂ စွမ်းအင် သုံးစွဲမှု

PROVEN GROUP OF COMPANIES ၏ လုပ်ငန်းခွင်တိုင်းကစွမ်းအင်သုံးစွဲမှုအပေါ် အလေးထား ဆောင်ရွက်လျက်ပြီး ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်သုံး လျှပ်စစ် ထုတ်ယူမှု ကိုလည်း သုံးစွဲ လုပ်ဆောင်ခြင်းကြောင့် ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ စွမ်းအင် သုံးစွဲမှု အောက်ပါအတိုင်း ဖြစ်ပြီး လက်ရှိ အနေအထားအရ သဘာဝ ပတ်ဝန်းကျင်ပေါ် ထိခိုက်သက်ရောက်မှု မရှိကြောင်း တွေ့ရှိရပါသည်-

**7,113,091 KWh**

## ၄.၂.၃ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနှင့် ဓါတုပစ္စည်းများ ယိုဖိတ်မှု

PROVEN GROUP OF COMPANIES အနေဖြင့် ထုတ်လုပ်မှုနှင့် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိလာသည့် အောက်ပါ စွန့်ထွက်ပစ္စည်းများအပေါ် GROUP OF COMPANIES က လက်ရှိကျင့်သုံးလျက်ရှိသည့် ISO-14001 အပါအဝင် တည်ဆဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းချက်များ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ စီမံခန့်ခွဲ ဆောင်ရွက်နေပါသည်-

(က) ခဲ အပါအဝင် အန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်း (Hazardous Waste including Lead Waste)

(ခ) စက္ကူ စွန့်ပစ်ပစ္စည်း (Paper Waste)

(ဂ) ပလတ်စတစ် စွန့်ထွက်ပစ္စည်းများ (Plastic Wastes)

(ဃ) အခြား စွန့်ထွက်ပစ္စည်းများ (Other Wastes)

GROUP OF COMPANIES အနေဖြင့် ဓါတုပစ္စည်းများ ယိုဖိတ်မှုများကြောင့် သဘာဝပတ်ဝန်းကျင်ပေါ်ထိခိုက်သက်ရောက်မှုမဖြစ်စေရေး အလေးထား ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ဧပြီလမှ ၂၀၂၅ မတ်လအထိ ဓါတုပစ္စည်းများ အသေးစားယိုဖိတ်မှု ဖြစ်စဉ် (၃) ကြိမ် ဖြစ်ပွားခဲ့ပြီး လိုအပ်သည့် ပြင်ဆင်ဆောင်ရွက်ရမည့် များကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

## ၄.၂.၄ လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် လေထု အရည်အသွေးနှင့် စွန့်ထွက်ရေ စီမံခန့်ခွဲမှု

PROVEN GROUP OF COMPANIES ၏ ဘက်ထရီထုတ်လုပ်ငန်းခွင်များ၊ ခဲပြန်လည် သန့်စင်ခြင်း လုပ်ငန်းခွင်များတွင် ပြုလုပ်မှု လုပ်ငန်းစဉ်များကြောင့် အလုပ်သမားများ၏ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ထိခိုက်မှု မရှိအောင် လုပ်ငန်းခွင်အတွင်း လေထုအရည်အသွေးအား လည်းကောင်း၊ အဆိုပါ ပြုလုပ်မှု လုပ်ငန်းစဉ်များကြောင့် ထွက်ရှိလာသည့် သက်ရောက်မှုများကြောင့် သဘာဝပတ်ဝန်းကျင် လေထုအရည်အသွေးအား ၂၀၁၅ခုနှစ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ စံသတ်မှတ်ချက်များနှင့် ကိုက်ညီစေရန် လုပ်ဆောင်ထားပါသည်။ ထို့နည်းတူ ထုတ်လုပ်မှု လုပ်ငန်းစဉ် တစ်လျောက်နှင့် အခြားနည်းလမ်းများဖြင့် အသုံးပြုသည့် ရေများအား တည်ဆဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ထားသည့် ရေထုအရည်အသွေး သတ်မှတ်ချက်များအတိုင်းရရှိအောင် ပြန်လည် သန့်စင်စေသည့် စနစ်တစ်ရပ်ဖြင့် ပြန်လည် သန့်စင်ပြီး ရရှိလာသည့် ရေများအား လုပ်ငန်းခွင်အတွင်းနှင့် အပင်များ လောင်းခြင်းတွင် ပြန်လည် အသုံးပြုပါသည်။







## ၄.၂.၅ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ (Environment) ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

| | |
|---|---|
| 6 CLEAN WATER AND SANITATION | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES ၏ စက်ရုံများတွင် ပြုလုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိလာသည့် ရေများအား ရေဆိုးသန့်စင်စနစ်ဖြင့် သန့်ရှင်းအောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံး ဓါတုပစ္စည်းများကြောင့် ရေ၊ လေထုနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ် (၆) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 6.3 |

| | |
|---|---|
| 9 INDUSTRIES, INNOVATION AND INFRASTRUCTURE | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
| PROVEN GROUP OF COMPANIES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ ရင်းမြစ်များ ထိရောက်စွာ အသုံးချမှု (Resource Efficiency) လုပ်ငန်းခွင်များဖြစ်နေစေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 9.2<br>9.4 |

| 11 SUSTAINABLE CITIES AND COMMUNITIES | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES သည် နှစ်စဉ် ပြောင်းလဲ နေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများအား ပြင်ဆင်သတ်မှတ် ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအနေဖြင့် ဘေးကင်းလုံခြုံပြီး ကျန်းမာသန့်ရှင်းစွာ နေထိုင်သည့် နှုန်းထားသင့်တော်သော အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ်ဆောင်ရွက်ပေးခြင်း ၊ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်သည့် ငွေကြေးပိုင်း ဆိုင်ရာ အကြပ်အတည်းများကို အတိုးမဲ့လစဉ်အရစ်ကျဖြင့် ပေးဆပ်နိုင်သည့် ချေးငွေများ ရယူနိုင်စေရန် ဆောင်ရွက်ထားပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၁၁)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 11.1<br><br>11.5 |

| 12 RESPONSIBLE CONSUMPTION AND PRODUCTION | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့်ဓာတုပစ္စည်းများကြောင့်လည်းကောင်းသဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီး ဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျအောင် ရည်မှန်းချမှတ် လုပ်ဆောင်ခြင်း၊ GROUP OF COMPAINES လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ် ဆိုင်ရာထိရောက်မှု ရှိစေရေး လုပ်ဆောင်ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ် (၁၂)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 12.2<br><br>12.4<br><br>12.5<br><br>12.6<br><br>12.7 |

# ၄.၃ လူမှုရေးဆိုင်ရာ (Social)

## ၄.၃.၁ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး

PROVEN GROUP OF COMPANIES သည် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတကာ စံနှုန်းဖြစ်သည့် ISO-45001 အသိအမှတ်ပြု လက်မှတ်ရယူထားသည့်အပြင် တည်ဆဲ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများ အက်ဥပဒေ၊ ၂၀၁၉ ခုနှစ်၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာ ဥပဒေ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

အလွန်ပြင်းထန်နှင့် သေဆုံးအဆင့် လုပ်ငန်းခွင်ထိခိုက်မှုများ (Major and Fatal Accidents) မရှိစေရေး အစဉ်အလေးအနက် တစ်ခုတ်တရ ဆောင်ရွက်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုဖြစ်ခြင်းကြောင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် လုပ်ငန်းခွင် အခြေအနေများအား ဖန်တီးပေးရန်၊ မြှင့်တင်ပေးနိုင်ရန် အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

(က) သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းဌာနများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများအား ဖွဲ့စည်းခြင်း

(ခ) အဆိုပါ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများအား ဌာနမန်နေဂျာများ က အလှည့်ကျ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်စေခြင်း

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကော်ပိုရိတ် လေ့ကျင့် သင်ကြားမှု ဆောင်ရွက်ပေးခြင်း

PROVEN GROUP OF COMPANIES အတွင်း ၂၀၂၄ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းခွင် ထိခိုက်မှု အောက်ပါအတိုင်း ဖြစ်ပေါ်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ရှေးဦးသူနာပြု အဆင့် | ထိခိုက်မှု | (၃)မှု |
| (ခ) | သာမန်အဆင့် | ထိခိုက်မှု | (၅)မှု |
| (ဂ) | ပြင်းထန်အဆင့် | ထိခိုက်မှု | (၂)မှု |
| (ဃ) | အလွန်ပြင်းထန်အဆင့် | ထိခိုက်မှု | (-)မှု |

၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် PROVEN GROUP OF COMPANIES တွင် အလွန်ပြင်းထန်အဆင့်နှင့် အသက်သေဆုံးသည့်အဆင့် လုပ်ငန်းခွင် ထိခိုက်မှု ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။

## ၄.၃.၂ အလုပ်သမား အခွင့်အရေးများ

(က) လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်း

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့က ချမှတ်ထားပြီး မြန်မာနိုင်ငံက အတည်ပြု လိုက်နာ ကျင့်သုံး ဆောင်ရွက်လျက်ရှိသည့် ပြဋ္ဌာန်းချက်များအတိုင်း PROVEN GROUP OF COMPANIES အနေဖြင့် လုပ်ငန်းခွင်တွင် လိုက်နာဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပြဋ္ဌာန်း ချက်များအနက် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခြင်း အပေါ် ၂၀၁၁ ခုနှစ်၊ အလုပ်သမား အဖွဲ့ အစည်းများ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်းခွင်တိုင်းတွင် အခြေခံ အလုပ်သမား အဖွဲ့အစည်းများအား လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်ခွင့် ပေးထား ပါသည်။

(ခ) ကလေး အလုပ်သမား

PROVEN GROUP OF COMPANIES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအဖွဲ့စု တစ်ရပ်အဖြစ် ရပ်တည် ဆောင်ရွက်နေခြင်းကြောင့် ကျင့်ဝတ်နှင့်လျော်ညီမှု မရှိသည့် ကလေးအလုပ်သမား ခိုင်း စေခြင်း အပေါ် မည်သည့် လုပ်ငန်းခွင်တိုင်းတွင် မဆို ကလေးလုပ်သား အသုံးပြုခြင်းကို လုံးဝ တားမြစ်ထားပါသည်။

ထို့အပြင် PROVEN GROUP OF COMPANIES ၏ ကုန်ကြမ်းတင်သွင်းမှု ကွင်းဆက် (Supply Chain) တစ်လျှောက်၏ Supplier များအား Supplier Codes of Conduct ပြဋ္ဌာန်း ပေးပြီး အဆိုပါ Codes of Conduct အရ ကလေးလုပ်သား အသုံးပြုခြင်းကို တင်းကျပ်စွာ တားမြစ်ထားပါသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကလေးလုပ်သားခိုင်းစေခဲ့သည့် ဖြစ်စဉ် မရှိခဲ့ပါ။

(ဂ) အဓမ္မခိုင်းစေမှု

PROVEN GROUP OF COMPANIES အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိလျက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအဖွဲ့စုတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်နေခြင်းကြောင့် ကျင့်ဝတ်နှင့်လျော်ညီမှုမရှိသည့် အဓမ္မခိုင်းစေမှုအား ကျင့်သုံးခြင်းအပေါ် လုံးဝ တားမြစ်ထားပါသည်။
၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အဓမ္မခိုင်းစေခြင်းဆိုင်ရာ ဖြစ်စဉ် မရှိခဲ့ပါ။

(ဃ) အလုပ်ချိန်၊ အချိန်ပို၊ လုပ်ခလစာ

PROVEN GROUP OF COMPANIES အနေဖြင့် တည်ဆဲ အလုပ်သမားရေးရာ ဥပဒေပြဋ္ဌာန်းချက်များ အတိုင်း အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းများအား တိတိကျကျ လိုက်နာဆောင်ရွက်ပါသည်။ ကုမ္ပဏီ အဖွဲ့စု အဖြစ် စတင်တည်ထောင်သည့်အချိန်မှ စ၍ ယခုအချိန်ထိ အလုပ်ချိန်၊ အချိန်ပို လုပ်ကိုင်ခြင်း ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များအပေါ် ဖောက်ဖျက်မှုကြောင့် အရေးယူခံရသည့် ဖြစ်စဉ်မျိုး ဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါ။

လုပ်ခလစာနှင့် စပ်လျဉ်းပြီး မျှတသည့် လုပ်ခလစာ (Fair Wage) ဖြစ်ရေး အစဉ်အလေးပြု ဆောင်ရွက်ထားပါသည်။ ပြောင်းလဲနေသည့် စားသုံးသူဆိုင်ရာ အညွှန်းကိန်းများအပေါ် အခြေပြု၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းများ၏ လစာ တိုးမြှင့် ပေးနိုင်ခဲ့ပါသည်။

ထို့အပြင် Incentive အနေဖြင့် annual performance bonus များကိုပါ သက်ဆိုင်ရာ ကုမ္ပဏီအလိုက် ခံစားခွင့် ပြုပေးနိုင်ခဲ့ပါသည်။

## ၄.၃.၃ လူ့စွမ်းအား ရင်းမြစ်

ထက်မြက် ကျွမ်းကျင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လူ့စွမ်းအား အဖွဲ့အစည်းတစ်ရပ်အဖြစ်အမြဲ တည်ရှိနေစေရန်ဆိုသည့် လူ့စွမ်းအားရင်းမြစ်ဆိုင်ရာ မူဝါဒနှင့်အညီ PROVEN GROUP OF COMPANIES ဝန်ထမ်းများအတွက် လေ့ကျင့်သင်ကြားပေးရေး အခြေအနေများစွာကို ဖန်တီးပေးထားပါသည်။ သို့ဖြစ်၍ ဝန်ထမ်းများအားလုံးသည် နှစ်စဉ် စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် သင်တန်းများ အပါအဝင် အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းများ၊ ယာဉ် အန္တရာယ် ကင်းရှင်းရေး သင်တန်းများ၊ ISO၊ စီးပွားရေး ကျင့်ဝတ်များနှင့် သက်ဆိုင်သည့် သင်တန်းများအား တက်ရောက်သင်ယူခွင့် ရရှိခဲ့ကြပါသည်။ PROVEN GROUP OF COMPANIES သည် လူ့စွမ်းအား ရင်းမြစ်ဆိုင်ရာအပေါ် အောက်ပါ အခြေအနေအတိုင်း ရရှိအောင် ဆောင်ရွက်ရန် ရည်မှန်းချက်ချမှတ်ထားပါသည်-

(က) အမြဲခန့်ဝန်ထမ်း အလုပ်နှုတ်ထွက်မှု နှုန်းထားအား (၁.၅%) အောက်ရှိနေစေရန်၊
(ခ) ပျက်ကွက်မှုနှုန်းထား အား (၅%) အောက်ရှိနေစေရန်၊

၂၀၂၄ ခုနှစ် ဧပြီလမှ -၂၀၂၅ ခုနှစ် မတ်လ အထိ PROVEN GROUP OF COMPANIES ကုမ္ပဏီ အဖွဲ့စု တစ်ရပ်လုံး၏ လူ့စွမ်းအား ရင်းမြစ် ဆိုင်ရာ အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | | |
|---|---|---|
| ၈၉% အမြဲခန့်ဝန်ထမ်း | 600+ နာရီ လေ့ကျင့်သင်ကြားပေးခဲ့မှုများ | ၃၀ +% အမျိုးသမီး ဝန်ထမ်းများ |
| ၃% အလုပ်နှုတ်ထွက်မှု နှုန်းထား | ၁,၁၀၀+ စုစုပေါင်း ဝန်ထမ်း | ၁၀% ပျက်ကွက်မှုနှုန်းထား |

## ၄.၃.၄ လူမှု ကာကွယ်စောင့်ရှောက်မှု (Social Protection)

PROVEN GROUP OF COMPANIES သည် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ဆောင်ရွက်ချက်များအား အောက်ပါအတိုင်း လုပ်ဆောင်ပေးနေပါသည်-

(က) ဝန်ထမ်းများအား လူမှုဖူလုံရေးစီမံကိန်းတွင် မှတ်ပုံတင်ပေးခြင်း၊
(ခ) စက်ရုံများတွင် ဆေးခန်းများ ဖွင့်လှစ်ပေးခြင်း၊
(ဂ) ကျန်းမာရေး နှစ်စဉ် စစ်ဆေးပေးခြင်း၊
(ဃ) အတိုးမဲ့ ချေးငွေများ ထုတ်ချေးပေးခြင်း၊
(င) နို့၊ ငှက်ပျောသီးနှင့် သန့်ရှင်း လတ်ဆတ်သော အစားအစာများ ဖြည့်စွက်စာအဖြစ် ကျွေးမွေးခြင်း၊

PROVEN GROUP OF COMPANIESသည် မည်သည့် အခွင့်အရေးဆိုင်ရာ ပြန်လည်ရရှိရန် မျှော်မှန်း လုပ်ဆောင်ချက်များ မပါရှိစေရေး မူဝါဒ ချမှတ်ပြီး အောက်ပါလူမှုရေးရာနှင့် ပရဟိတ ဆောင်ရွက်ချက် များအား ဆောင်ရွက်ခဲ့ပါသည်-

(က) ဆေးရုံတက် လူနာများအား နေ့ခင်းစာ လှူဒါန်းခြင်း၊
(ခ) သဘာဝဘေးဒဏ်သင့်နေရာများအား လှူဒါန်းခြင်း၊
(ဂ) Dwon ရောဂါရှင်များကဲ့သို့ လိုအပ်ချက်ရှိနေသူများအား ပံ့ပိုးကူညီခြင်း၊
(ဃ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ဆောင်ခြင်း၊
(င) အောက်စီဂျင်လိုအပ်သူများအား အောက်စီဂျင် နှင့် အောက်စီဂျင်အိုးများ လှူဒါန်းခြင်း။
(စ) ကျောင်းသုံး ပစ္စည်းများ လှူဒါန်းခြင်း၊

PROVEN GROUP OF COMPANIES အနေဖြင့် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ရသုံးမှန်းခြေ ငွေစာရင်း ခွင့်ပြုချက်ဖြင့် အောက်ပါအတိုင်း လူမှုရေးနှင့် ပရဟိတဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါသည်-

| (၇၃)ကျပ်သန်းပေါင်း | ၄၀၀၀ + | ၁၅+ |
|---|---|---|
| ပရဟိတလုပ်ငန်းများလှူဒါန်းမှု | အကျိုးပြုလူဦးရေ | လူမှုအကျိုးပြုပွဲများတွင် ပါဝင်ဆင်နွှဲမှုအရေအတွက် |

## ၄.၃.၅ လူမှုရေး (Social) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များနှင့် ဆောင်ရွက်ထားမှု အခြေအနေ

|  | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES ဝန်ထမ်းများအား နိုင်ငံတော်က သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ချက်အပေါ် အခြေခံပြီး နှစ်စဉ် ပြောင်းလဲနေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများ ပြင်ဆင် သတ်မှတ် ပေးခြင်း၊ အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ်ဆောင်ရွက်ပေး ခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၁) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 1.1<br>1.2<br>1.4<br>1.5 |

|  | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES ၏ စက်ရုံများ၊ ကုမ္ပဏီများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအား သုံးစွဲမှု မရှိစေခြင်း၊ အရက်သောက်သုံးမှု မရှိစေခြင်း၊ GROUP OF COMPANIES ၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်သုံး ဓါတုပစ္စည်းများကြောင့် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များဖြင့် ကုလသမဂ္ဂ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ် (၃) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 3.5<br>3.9<br>3A |

|  | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES ၏ စက်ရုံများတွင် ပြုလုပ်မှု လုပ်ငန်းစဉ်မှ ထွက်ရှိ လာသည့် ရေများအား ရေဆိုးသန့်စင်စနစ်ဖြင့် သန့်ရှင်းအောင်ဆောင်ရွက်ခြင်း၊ လုပ်ငန်းသုံး ဓါတုပစ္စည်းများကြောင့် ရေ၊ လေထုနှင့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ချက်များ ဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ် (၆) ပါ ရည်မှန်းချက်များနှင့် ကိုက်ညီ အောင် ဆောင်ရွက်ခဲ့ပါသည်။ | 6.3 |

| 8 DECENT WORK AND ECONOMIC GROWTH | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES အနေဖြင့် အဓမ္မခိုင်းစေမှုနှင့် ကလေးအလုပ်သမား ခိုင်း စေမှုအား လက်ခံကျင့်သုံးမှုမရှိခြင်း ၊ GROUP OF COMPANIES ၏ လုပ်ငန်းခွင်များအား ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန် ၊ သင့်တော်ကောင်းမွန်သည့် အလုပ် အကိုင်များ(decent work) ဖြစ်စေရေး အစဉ်ဆောင်ရွက်ပေးခြင်း ၊ တည်ဆဲဥပဒေပါ အလုပ်သမား အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အမှတ် (၈)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 8.5<br>8.6<br>8.7<br>8.8 |

| 9 INDUSTRIES, INNOVATION AND INFRASTRUCTURE | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ resource-use efficiency လုပ်ငန်းခွင်များ ဖြစ်နေစေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 9.2<br>9.4 |

| 10 REDUCED INEQUALITIES | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES သည် နှစ်စဉ် ပြောင်းလဲနေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများအား ပြင်ဆင်သတ်မှတ်ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ တပြေးညီ လစာတိုးမြှင့်ရရှိစေအောင် ဆောင်ရွက်ပေးခြင်း၊ လူမှုဖူလုံရေးဆိုင်ရာ ထည့်ဝင်ကြေးများပေးသွင်းပေးခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ်(၁၀)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 10.1<br>10.3<br>10.4 |

| 12 RESPONSIBLE CONSUMPTION AND PRODUCTION | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့်လည်းကောင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီး ဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျအောင် ရည်မှန်းချမှတ် လုပ်ဆောင်ခြင်း၊ GROUP OF COMPANIES လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ်ဆိုင်ရာ ထိရောက်မှုရှိစေရေး လုပ်ဆောင်ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ် (၁၂)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 12.2<br>12.4<br>12.5<br>12.6<br>12.7 |

| 16 PEACE, JUSTICE AND STRONG INSTITUTIONS | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES၏ ဝန်ထမ်းတိုင်းသည် လာဘ်ပေးလာဘ်ယူမှု ကျင့်သုံးမှု မရှိစေရေး Code of Conduct ဖြင့် ထိန်းကျောင်းပေးခြင်း၊ GROUP OF COMPANIES တစ်ခုလုံးအနေဖြင့် ကော်ပိုရိတ်စီမံခန့်ခွဲမှု ကျင့်သုံးပြီး အဆင့်တိုင်းတွင် ပွင့်လင်း မြင်သာမှု ရှိစေရန်နှင့် မည်သည့်ခွဲခြားမှုမျိုးမှမရှိစေရေး လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ စီမံခန့်ခွဲမှု အဆင့်တိုင်းတွင် ဆုံးဖြတ် လုပ်ပိုင်ခွင့်ရှိခြင်း၊ လုပ်ငန်းခွင်များတွင် အလုပ်သမား အဖွဲ့အစည်းများအား တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းပေးထားခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်အမှတ် (၁၆)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 16.5<br>16.6<br>16.7<br>16.10<br>16b |

# ၄.၄ စီမံ အုပ်ချုပ်မှု (Governance)

PROVEN GROUP OF COMPANIESသည် ကျင့်ဝတ် သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီ အစုအဖွဲ့တစ်ခု အဖြစ် အမြဲရပ်တည်နေစေရန် ဆောင်ရွက်နေခြင်းကြောင့် စီမံအုပ်ချုပ်မှုနှင့် စပ်လျဉ်းပြီး ကော်ပိုရိတ် စီမံခန့်ခွဲမှုအား အောက်ပါ အတိုင်း ချမှတ်ကျင့်သုံး ဆောင်ရွက်လျက်ရှိပါသည်။ ကော်ပိုရိတ် စီမံခန့်ခွဲမှုအား အခန်း (၂)တွင် ဖော်ပြ ထားပါသည်။




PROVEN GROUP OF COMPANIESအနေဖြင့် ၂၀၂၄ ဧပြီလမှ -၂၀၂၅ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် ကော်ပိုရိတ် စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းပြီး အောက်ပါတို့အား ဆောင်ရွက်နိုင်ခဲ့ပါသည်။

## ၄.၄.၁ ဆုံးရှုံးနိုင်ခြေရှိသည့်အန္တရာယ်များ စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုဆိုင်ရာ ဆောင်ရွက်မှုများ (Risk Management and Control Process)

### ၄.၄.၁.၁ အခြေခံသည့်မူ



(၁) Risk Management နှင့် ပတ်သက်၍ ISO 31000 တွင် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို ဖော်ထုတ်၊ စီစစ်ပြီး ကုစားရန် နည်းလမ်း လုပ်ငန်းစဉ်တစ်ရပ်ကို အထက်ပါအတိုင်း ဖော်ပြထားချက်နှင့်အညီ Proven Group သည် အောက်ပါ လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ပါသည် -

လုပ်ငန်းစဉ် (၁) ဖြစ်ပေါ်လာနိုင်မည့်အန္တရာယ်များဆိုင်ရာ အချက်အလက်များကို အကျိုးစီးပွား သက်ဆိုင်သူများ နှင့် ဆက်သွယ်နှီးနှော၍ အကြံဉာဏ်များ ရယူခြင်း လုပ်ဆောင်ပါသည်။ (Communication and Consultation)

လုပ်ငန်းစဉ် (၂) ရရှိလာသည့် ဖြစ်ပေါ်လာနိုင်မည့်အန္တရာယ်ကို သတ်မှတ်ဖော်ထုတ်ပါသည်။ (Establishing the context)

လုပ်ငန်းစဉ် (၃) သတ်မှတ်ဖော်ထုတ်ရရှိသည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်များကို သက်ဆိုင်ရာ သဘာဝ အမျိုးအစားအလိုက် ထပ်မံခွဲခြမ်း စိတ်ဖြာပါသည်။ (Risk Identification)

လုပ်ငန်းစဉ် (၄) လုပ်ငန်းအမျိုးအစားအလိုက် ခွဲခြမ်းစိတ်ဖြာရရှိလာသည့် အန္တရာယ်များကို အန္တရာယ်ကျရောက်နိုင်ခြေ မြင့်မားမှု (High)၊ အလယ် (Medium)၊ နိမ့်ကျမှု (Low) စသည်ဖြင့် အနေအထားများကို ထပ်မံစီစစ်မှု ပြုပါသည်။ (Risk Analysis)

လုပ်ငန်းစဉ် (၅) အဆိုပါ ခွဲခြမ်းစိတ်ဖြာမှု အနေအထားအပေါ်တွင် ဖြစ်ပေါ် တွေ့ကြုံလာနိုင်မည့် အန္တရာယ်အနေအထားကို လျှော့ချနိုင်မည့်နည်းလမ်းများ ဖော်ထုတ် သတ်မှတ်ပါသည်။ (Risk Evaluation)

လုပ်ငန်းစဉ် (၆) ဖော်ထုတ်ရရှိလာသည့် အန္တရာယ်များလျှော့ချနိုင်မည့် နည်းလမ်းများကို လက်တွေ့ အကောင် အထည်ဖော်ဆောင်ရွက်ပါသည်။ (Risk Treatment)

လုပ်ငန်းစဉ် (၇) ဆောင်ရွက်ပြီးစီးမှုအခြေအနေအရပ်ရပ်ကို ထိန်းချုပ်ကွပ်ကဲမှု ပြုလုပ်ပြီး ပြန်လည်စီစစ်သုံးသပ်မှုပြုလုပ်ပါသည်။ (Monitoring and Review)

## ၄.၄.၁.၂ မူဘောင်ဆိုင်ရာ

စဉ်းစားတွေးခေါ်စုစည်းအဖြေထုတ်မှုဘောင် အနေဖြင့် စီမံခန့်ခွဲမှုနှင့် ထုတ်လုပ်မှုကျွမ်းကျင်သူများသည် မိမိတို့၏ ခေါင်းဆောင်မှုအရည်အချင်းနှင့် ကတိကဝတ်ပြုပြီး အကောင်အထည်ဖော်နိုင်သည့် လုပ်ငန်းရပ်များဖြင့် သက်သေပြရမည် ဖြစ်ပါသည် ။ ဤလုပ်ဆောင်မှုဘောင်အတွင်း လက်ရှိ ကုန်ချော၏ အရည်အသွေးဆန်းစစ်မှု၊ ထူးခြားဆန်းပြားသော စိတ်ကူးစိတ်သန်းဖြင့်တီထွင်မှု၊ ဆန်းသစ်သော ဒီဇိုင်းဖော်ထုတ်မှုနှင့် ထုတ်လုပ်မှုဖြစ်စဉ်ကို တိုးတက်အောင်ပြောင်းလဲပေးခြင်း စသော လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ကြရပါသည် ။

ဥပမာ- Toyo ဘက်ထရီ၏ အိုးဒီဇိုင်းအသစ်ကို တစ်နှစ်နှင့် တစ်နှစ် မတူစေဘဲ သုံးစွဲသူများ၏ အမြင်တွင် မှတ်မှတ်သားသား ထင်ထင်ပေါ်ပေါ် စွဲမက်စေရန်အတွက် ဒီဇိုင်းကျွမ်းကျင်သူများထံ လုပ်ငန်းအပ်နှံပြီး ဒီဇိုင်းသစ်ဖော်ထုတ်ခြင်း၊ စီမံခန့်ခွဲသူများက အကြိမ်ကြိမ် စိစစ်မှုပြုပြီး ဆန်ခါတင်ရွေးချယ်ရန် ဒါရိုက်တာအဖွဲ့ဝင်များနှင့် ထပ်မံတိုင်ပင်မှုပြုပြီးမှ ရွေးချယ်သတ်မှတ်ခြင်း၊ ဤကဲ့သို့ ရှုဒေါင့်ပေါင်းစုံ၏ အတွေးအမြင်များ စုစည်းဆောင်ရွက်နိုင်သဖြင့် Toyo နှင့် Lion တို့၏ အမှတ်တံဆိပ်များ ထင်ပေါ်လာခြင်း အကျိုးကျေးဇူးများ ရရှိခဲ့ပါသည်။

Proven Group of Companies သည် နှစ်အတွင်းကြုံတွေ့ရင်ဆိုင်နေရသည့် ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ စီမံခန့်ခွဲမှုကို အောက်ပါ လုပ်ငန်းဖြစ်စဉ် မူဘောင် (Framework) များအသုံးပြု၍ လျှော့ချရန် ကြိုးပမ်းခဲ့ရပါသည်။



## ၄.၄.၁.၃ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ

Proven Group တွင် ထုတ်လုပ်သည့်ကုမ္ပဏီများ(Manufacturing Companies) ဖြစ်ကြသည့် Proven Technology Industry Company၊ Proven Polyworld Company နှင့် Yangon Metal Company တို့သည် ISO-31000 Second edition 2018-02 ပါ လမ်းညွှန်ချက်များကို မှီငြမ်းကိုးကားပြီး ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ကြုံတွေ့နိုင်ကြောင်း စိစစ်ဖော်ထုတ် ရရှိထားပြီး အန္တရာယ်များအား ထိန်းချုပ်ကာကွယ်ခြင်း နည်းလမ်းများအားလည်း ချမှတ် ဆောင်ရွက်ခဲ့ပါသည်-

(က) Supply Chain Risk (ကုန်ကြမ်းသွင်းအားစု စဉ်ဆက်မပြတ်ရရှိရေး ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၁) ကုန်ထုတ်လုပ်သူ ကုမ္ပဏီများအနေဖြင့် ကုန်ကြမ်းသွင်းအားစုများကို ဈေးနှုန်းတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ရရှိရေးမှာ အရေးကြီးပါသည်။

(၂) ထို့ကြောင့် ကုန်ကြမ်းထုတ်လုပ်ပေးသွင်းသူများအား အချိန်ကာလအလိုက် ညှိနှိုင်းမှုများကို လုပ်ဆောင်နေရမည်ဖြစ်သည့်အတွက် ညီနောင်ကုမ္ပဏီများသည် ကုန်ကြမ်းပေးသွင်းသူ (Supplier) များဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

(၃) စဉ်ဆက်မပြတ် သတင်းအချက်အလက်များ ရရှိရေးအတွက် ကုန်ကြမ်းပေးသွင်းသူများထံမှ ပြောင်းလဲမှုများကို သိရှိနိုင်ရန် ဆက်သွယ်မှု ပြုခဲ့ကြပါသည်။ ဤအချက်အလက်များအပေါ်မူတည်၍ စက်ရုံ ထုတ်လုပ်မှုဖြစ်စဉ် အစီစဉ် (Production Plan) နှင့် ဘတ်ဂျက်များကို စောင့်ကြပ်ကြည့်ရှုဆောင်ရွက်ကြပါသည်။

(ခ) Logistic Risk (သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၁) ကုန်ထုတ်လုပ်သူ ကုမ္ပဏီများအနေဖြင့် ကုန်ကြမ်းများကို အချိန်ကိုက်ရရှိရေးအတွက် လမ်းပန်းဆက်သွယ်ရေးချောမွေ့မှုမှာ အရေးကြီးပါသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေး ယာဉ်များ၏ အချိန်မီ၊ အချိန်မှန် ပို့ဆောင်နိုင်မှု (Network) ကိုလည်း အစဉ်အမြဲ ညှိနှိုင်းဆောင်ရွက်နိုင်မှသာလျှင် ဤသယ်ယူပို့ဆောင်မှုအန္တရာယ်ကို လျော့ချနိုင်မည် ဖြစ်ပါသည်။

(၂) ထို့ကြောင့် PTIC ကုမ္ပဏီ၊ Yangon Metal ကုမ္ပဏီ နှင့် Proven Polyworld ကုမ္ပဏီတို့ အချင်းချင်းသည် ပြည်ပမှသွင်းကုန်များ သယ်ယူပို့ဆောင်ရေး (Risk) အန္တရာယ်ကို လျော့ချနိုင်ရန် မိမိတို့ ကုမ္ပဏီအချင်းချင်း အကြားတွင် ဆက်သွယ်မှုလမ်းကြောင်း၊ ယာဉ်များ ကောင်းမွန်ကြံ့ခိုင်စေရေးအတွက် အခါအားလျော်စွာ စီမံချက် ချမှတ်ဆောင်ရွက်သည့် နည်းလမ်းဖြင့် ကျော်လွှားမှု ပြုနိုင်ခဲ့ပါသည်။

(ဂ) Production Risk (ကုန်ထုတ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၁) စက်ရုံများအနေဖြင့် ကုန်ထုတ်လုပ်မှု ဖြစ်စဉ်များတွင် စဉ်ဆက်မပြတ် ထုတ်လုပ် နိုင်ရေးအတွက် ကုန်ကြမ်းသွင်းအားစု မှန်မှန်ရရှိမှု၊ လျှပ်စစ်စွမ်းအား ပြည့်ဝမှန်ကန်စွာရရှိနိုင်မှု၊ စက်ပစ္စည်းများ ကြံ့ခိုင် ထိန်းသိမ်းနိုင်မှု၊ လုပ်သားစွမ်းရည်မြင့်မားမှု၊ စီမံခန့်ခွဲသူများ၏ အမြော်အမြင်၊ ကြီးမားစွာ ပြောင်းလဲနေသောနည်းပညာ (Technology Changes) များကို အမီပြောင်းလဲနိုင်မှုစွမ်းရည် စသည့်အချက်များစွာကို အထူးဂရုပြုဆောင်ရွက်နိုင်မှသာလျှင် ထုတ်လုပ်မှုဆိုင်ရာ စွန့်စားရသည့် အန္တရာယ်များကို ကျော်လွှားနိုင်မည် ဖြစ်ပါသည်။

(၂) ထုတ်လုပ်မှုကုမ္ပဏီ သုံးခု အနေဖြင့် လျှပ်စစ်စွမ်းအားပြည့်ဝစွာ အချိန်မှန်မရရှိသည့်အခက်ခဲများကို ဒီဇယ်ဆီအရံများထားသိုခြင်း၊ Solar နေရောင်ခြည်သုံးစွမ်းအင်များ တပ်ဆင်အသုံးပြုခြင်း စသည့် နည်းလမ်းများ ကျင့်သုံး၍ ထုတ်လုပ်မှုအရေအတွက်စီမံချက်နှင့် ညီစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ Technology နည်းပညာနှင့် ပတ်သက်၍လည်း နိုင်ငံတကာတွင် ခေတ်မီသော Automation Technique များကို လေ့လာသုံးသပ်လျက်ရှိကြပါသည်။

Proven Group တွင် ဖြန့်ဖြူးမှု ကုမ္ပဏီများ(Distribution Companies) ဖြစ်ကြသည့် Proven Distribution Company နှင့် Proven International Company တို့သည် ISO-31000 Second edition 2018-02 ပါ လမ်းညွှန်ချက်များကို မှီငြမ်းကိုးကားပြီး ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ကြုံတွေ့နိုင်ကြောင်း စိစစ်ဖော်ထုတ်ရရှိထားပြီး အန္တရာယ်များအား ထိန်းချုပ်ကာကွယ်ခြင်း နည်းလမ်းများအား လည်းချမှတ်ဆောင်ရွက်ခဲ့ပါသည် -

(က) Market Risk (ဈေးကွက်ယှဉ်ပြိုင်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၁) လျှပ်စစ်မီးအခက်အခဲများကြောင့် အိမ်သုံးဘက်ထရီများကို နည်းလမ်းအသွယ်သွယ် ဖြင့် အပြိုင်အဆိုင် တင်သွင်းလာကြသဖြင့် ဈေးကွက်အတွင်းယှဉ်ပြိုင်မှုမှာ မြင့်မား (High) လျက်ရှိပါသည်။

(၂) အထက်ပါဖြန့်ဖြူးမှုကုမ္ပဏီများအနေဖြင့် ဈေးကွက်အတွင်းဝင်ရောက်လာသောတံဆိပ် အသစ်များ၏ ဈေးနှုန်း (Market Analysis) များနှင့် အရည်အသွေးများကို အမြဲတစေ Team တစ်ခု ဖွဲ့စည်းပြီး ဆန်းစစ်လေ့လာမှု ပြုလုပ်ကြရပါသည်။ External Intimation များကို တစ်ဆင့်ခံ (Dealers) ဆိုင်များ ထံမှတစ်ဆင့်လည်း စုစည်းရယူပြီး လိုအပ်သည့်ညှိနှိုင်းချက်များ လုပ်ဆောင်ကြပါသည်။

(ခ) Credit Risk (ကြွေးမြီဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၁) မြို့နယ်အနှံ့တွင် (Dealer) တစ်ဆင့်ခံ (Consignment) စနစ်ဖြင့် ဖြန့်ချီရသည့် အလျောက် ဒေသဆိုင်ရာ အခက်အခဲများဖြင့် ကြုံတွေ့ရသည့်အခါ ရရန်ရှိ ကြွေးမြီများကောက်ခံရန် အဆင်မပြေမှုများကြောင့် ကြွေးဆုံးများ ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို ကြုံတွေ့ရပါသည်။

(၂) ပြည်နယ်/တိုင်း အသီးသီးရှိ ရုံးခွဲများ- ဥပမာ-မြစ်ကြီးနား၊ မုံရွာ၊ တောင်ကြီး တာဝန်ခံများသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် အချိန်အခါကို စောင့်ဆိုင်း၍ Dealer များထံ နည်းလမ်းမျိုးစုံဖြင့် ဆက်သွယ်၍ ကြွေးကျန်များ ကောက်ခံမှု အစီအစဉ်ဖြင့် ကောက်ခံသည့်အတွက် ကြွေးမြီ ဆုံးရှုံးမည့် အခွင့်အလမ်းများ လျော့ကျစေခဲ့ပါသည်။

(ဂ) Maintenance Risk (ရောင်းကုန်ပစ္စည်းများ အရည်အသွေးထိန်းသိမ်း/ ပြုပြင်/ မွမ်းမံမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၁) Toyo နှင့် Lion ဘက်ထရီများ၏ အရည်အသွေးစံနှုန်းကို ထိန်းသိမ်းနိုင်ရန်အတွက် PTIC ကုမ္ပဏီက အစဉ်တစိုက် စစ်ဆေးထိန်းသိမ်းရမည် ဖြစ်သကဲ့သို့ ဖြန့်ဖြူးသည့် PD ကုမ္ပဏီအနေဖြင့်လည်း သုံးစွဲသူ (Customer) များ၏ လက်ဝယ်တွင် FIFO စနစ်နှင့် သတ်မှတ်ကာလအတွင်း ရောင်းချနိုင်ခြင်း မပြုနိုင်ပါလျှင် ပစ္စည်းများအား ပြန်လည်လဲလှယ်ပေးရန် လိုအပ်မည့် အန္တရာယ်ရှိပါသည်။

(၂) ထို့ကြောင့် အရည်အသွေးတည်တံ့မှုရှိစေရန် စစ်ဆေးသည့် အစီအစဉ်များ (Quality Maintenance Programme)ကို အဆိုပါ ကုမ္ပဏီ (၂)ခု စလုံးတွင် ချမှတ်ဆောင်ရွက်ခြင်းအားဖြင့် အန္တရာယ်လျော့ချနိုင်ခဲ့ပါသည်။ ထို့ပြင် ဖြန့်ဖြူးမှုအပိုင်းတွင်လည်း သုံးစွဲသူ (Customer) များအတွက် Mobile Service အစီအစဉ်ဖြင့် လှည့်လည်သွားပြီး Dealer ဆိုင်များဖြင့် အမြဲတစေညှိနှိုင်းပြီး မွမ်းမံ ထိန်းသိမ်းခြင်း၊ FIFO စနစ်ဖြစ်အောင်ကူညီဆောင်ရွက်ပေးခြင်း၊ သက်တမ်းလွန် ပစ္စည်းများအား လဲလှယ်ပေးခြင်းဖြင့် Maintenance Risk ကို လျော့ချနိုင်ခဲ့ပါသည်။

Proven Group အနေဖြင့် ISO-31000 Second edition 2018-02 ပါ လမ်းညွှန်ချက်များကို မှီငြမ်းကိုးကားပြီး ၂၀၂၄-၂၀၂၅ ခုဘဏ္ဍာရေးနှစ်အတွင်း အောက်ပါ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအား ကြုံတွေ့နိုင်ကြောင်း စိစစ်ဖော်ထုတ်ရရှိထားပြီး အန္တရာယ်များအား ထိန်းချုပ်ကာကွယ်ခြင်း နည်းလမ်းများအား လည်းချမှတ်ဆောင်ရွက်ခဲ့ပါသည် -

(က) Financial Risk (ဘဏ္ဍာရေး / ငွေကြေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၁) Proven Group of Companies ကြီးနှင့် ညီနောင်ကုမ္ပဏီအသီးသီးတို့သည် မြန်မာကျပ်ငွေအပြင် နိုင်ငံခြားငွေများဖြင့်လည်း အသုံးပြု၍ ကုန်သွယ်မှု ပြုကြပါသည်။ ထို့ကြောင့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်းထားဆိုင်ရာ ငွေကြေးမူဝါဒ တည်ငြိမ်မှုရှိသည်နှင့်အမျှ စွန့်စားမှုအန္တရာယ် လျော့နည်းပါသည်။ မူဝါဒများ ပြောင်းလဲသတ်မှတ်သည့်အချိန်တွင် အဆိုပါမူဝါဒနှင့် လိုက်လျောညီထွေ အချိန်နှင့်တပြေးညီ ပြောင်းလဲမှုမပြုလုပ်နိုင်ပါလျှင် ဆုံးရှုံးရမှုအန္တရာယ်သည် (High) ကြီးမားပါသည်။

(၂) အဆိုပါ ဘဏ္ဍာရေး/ငွေကြေးဆိုင်ရာ စွန့်စားမှုအန္တရာယ်များလျှော့ချနိုင်ရေးအတွက် စီးပွားရေး ဖွံ့ဖြိုးမှုကော်မတီ နှင့် စာရင်းစစ်/ဆုံးရှုံးနိုင်ခြေ အန္တရာယ်လျှော့ချရေး ကော်မတီတို့သည် ငွေကြေးဆိုင်ရာ မူဝါဒပြောင်းလဲမှုများကို အမြဲတစေစောင့်ကြပ်ကြည့်ရှုပြီး လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို စီမံခန့်ခွဲမှုအဖွဲ့နှင့် အတူပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့်(Risk)စွန့်စားရမှုအန္တရာယ်များကိုလျှော့ချနိုင်ခဲ့ပါသည်။

(ခ) Governance Risk (စီမံအုပ်ချုပ်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၁) ကော်ပိုရိတ် စီမံခန့်ခွဲမှုစနစ်ကျင့်သုံးရာတွင် ဘုတ်အဖွဲ့နှင့် စီမံအုပ်ချုပ်မှုတို့ကို အထောက်အကူပြုစေမည့် Audit Committee တစ်ရပ်ကို ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ညီနောင်ကုမ္ပဏီများတွင် စာရင်းစစ် ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များ ထပ်မံဖြည့်စွက်ရန် ကြိုးပမ်းလျက်ရှိပါသည်။

(၂) ကုန်ကြမ်းပေးသွင်းသူ (Suppliers) များနှင့် လည်းကောင်း၊ ကုန်ပစ္စည်းဝယ်ယူသုံးစွဲသူ (Customers) များနှင့်လည်းကောင်း ဆက်ဆံရာတွင် လာဘ်ပေးလာဘ်ယူ တားဆီးရေး အပိုင်းများ၌ အသိပညာပေးခြင်းဆိုင်ရာများ ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် ကျန်ရှိနေပါသည်။

(၃) အဆိုပါကိစ္စရပ်များအတွက် လာဘ်ပေးလာဘ်ယူမှုဆိုင်ရာများတွင် စီမံခန့်ခွဲသူအဆင့်ဆင့်က လိုက်နာရေးနှင့် ကြီးကြပ်မှုများပြုနိုင်ရေးအတွက် Bribery Policy၊ Code of Conduct၊ Supplier Relationship Policy စသည်တို့ ချမှတ်ထားပြီး ဖြစ်ပါသည်။

(ဂ) အခြားဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ

အထက်ပါ (Risk) ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များအပြင် အများနည်းတူ ကြုံတွေ့နိုင်သည့် အန္တရာယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) Environmental Risk (သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၂) Society Risk(လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၃) Political Risk (နိုင်ငံရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၄) Energy Risk (စွမ်းအင်ကဏ္ဍဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၅) Reputational Risk (ဂုဏ်သတင်းထိန်းသိမ်းမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

(၆) Cyber Security Risk (ခေတ်မီ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များ)

ဤဆုံးရှုံးနိုင်ခြေရှိသည့် အန္တရာယ်များနှင့် ပတ်သက်၍ ဘုတ်အဖွဲ့၊ စီမံအုပ်ချုပ်မှုအဖွဲ့နှင့် ဆိုင်ရာကော်မတီ အသီးသီးတို့သည် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်

## ၄.၄.၂ တိုင်ကြားမှု လက်ခံ စိစစ်ဖြေရှင်းရေး ယန္တရား

GROUP OF COMPANIES၏ ရည်မှန်းချက်မှာ ပွင့်လင်းမှု၊ တရားမျှတမှုနှင့် စံနှုန်းမီ စီမံခန့်ခွဲမှုတို့ဖြင့် ပိုမိုကောင်းမွန်သော လုပ်ငန်းပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန် ဖြစ်ပါသည်။ သို့ပါ၍ PROVEN GROUP OF COMPANIES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလျက်၊ ကျင့်ဝတ်သိက္ခာနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သော ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် အမြဲရပ်တည်နိုင်ရန် ထိပ်တန်းစီမံခန့်ခွဲမှုအဖွဲ့က အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင်၊ ကောင်းမွန်သော စီမံခန့်ခွဲမှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ်များကို အထူးဦးစားပေး အကောင်အထည်ဖော်လျက်ရှိရာ၊ ကုမ္ပဏီအစုအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) နှင့်သက်ဆိုင်သော မည်သည့်အချက်ကိုမဆို တိုင်ကြားလာပါက စနစ်တကျ လက်ခံစိစစ်ကာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် တိုင်ကြားမှု လက်ခံ စိစစ် ဖြေရှင်းရေး ယန္တရား တစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ GROUP OF COMPANIES ဆိုင်ရာ ဆောင်ရွက် ချက်များနှင့် လုပ်ငန်းခွင်ကျင့်ဝတ် (Code of Conduct) ကျင့်သုံးမှုဆိုင်ရာ တိုင်ကြားမှုများအား အောက်ဖော်ပြပါ လိပ်စာ၊ Email နှင့် ဖုန်းအမှတ်သို့ ဆက်သွယ် တိုင်ကြားနိုင်ပါသည်-

Compliance and Sustainability Manager
Proven Group of Companies
compliance@proven.com.mm
ဖုန်းအမှတ် (၀၉ ၈၈၀ ၅၉ ၂၃ ၆၈)
အမှတ် (F/S-14)၊ ရွှေစံပယ်ရိပ်မွန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊
(၄) ရပ်ကွက်၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

(တိုင်ကြားမှု လက်ခံ စိစစ်ဖြေရှင်းရေးဆိုင်ရာ ယန္တရား အကြောင်း အပြည့်အစုံကို WHISTLE BLOWING POLICY AND COMPLAINT MECHANISM | Proven Group Of Companies တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်)

တိုင်ကြားမှုများကို လစဉ် စိစစ်၍ အမှုဆောင် အရာရှိချုပ်ထံ တိုက်ရိုက် အစီရင်ခံ တင်ပြလျက် ရှိပြီး ၂၀၂၄ ဧပြီလမှ -၂၀၂၅ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် တိုင်ကြားမှုအား အောက်ပါအတိုင်း လက်ခံ ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်-

(က) တိုင်ကြားမှု (၁)ခု

(ခ) ပစ်စာ (၁၂)စောင်

## ၄.၄.၄ ဘဏ္ဍာရေး

PROVEN GROUP OF COMPANIESအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီလမှ -၂၀၂၅ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် အောက်ပါအတိုင်း ရရှိအောင် လုပ်ဆောင်ထားနိုင်ခဲ့ပါသည်-

| | | |
|---|---|---|
| ၆၀% ≤<br>Toyo နှင့် Lion အမှတ်တံဆိပ် လက်လီလက်ကားရောင်းချသည့် ဆိုင်အရေအတွက် | ၃၆၀၀ +<br>Toyo နှင့် Lion အမှတ်တံဆိပ် နိုင်ငံတဝှမ်းဖြန့်ဖြူးရောင်းချမှု (ဆိုင်အရေအတွက်ပေါ် အခြေခံသည့်) | ၂၀% ≤<br>Toyo နှင့် Lion အမှတ်တံဆိပ် မော်တော်ကား၊ မော်တော်ဆိုင်ကယ် ဘက်ထရီနှင့် မီးထွန်းအိုး ဘက်ထရီ သုံးစွဲသူများ၏ ဈေးကွက် |
| ၃% ≤<br>Solar နှင့် Lithium Battery ရောင်းချမှု ဈေးကွက်ရရှိမှု | | ၁၅% ≤<br>စက်ဆီ၊ ချောဆီ ရောင်းချမှု ဈေးကွက်ရရှိမှု |

PROVEN GROUP OF COMPANIESသည် ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရရှိလျှက် ကျင့်ဝတ်သိက္ခာနှင့်ညီညွတ်သည့် ကုမ္ပဏီအစုအဖွဲ့တစ်ခုအဖြစ် အမြဲရပ်တည်နေ စေရန် ဆောင်ရွက်နေခြင်းကြောင့် သင့်တော် မှန်ကန်ပြီး မျှတသည့် မြတ်စွန်းမှုမျိုးကို သာရယူပြီး ရရှိ သည့် မြတ်စွန်းမှုများအား အောက်ပါအတိုင်း စီမံခန့်ခွဲပါသည်-

(က) PROVEN GROUP OF COMPANIES ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) PROVEN GROUP OF COMPANIES အနာဂတ် စီးပွားရေးဆိုင်ရာ လုပ်ငန်းများ အတွက် ရင်းနှီးမြှုပ်နှံခြင်း၊

(ဂ) PROVEN GROUP OF COMPANIES အတွင်းရှိ လုပ်ငန်းအသီးသီးမှ ဝန်ထမ်းများအား နှစ်စဉ် ဆုကြေးပေးခြင်း၊

PROVEN GROUP OF COMPANIESအနေဖြင့် ၂၀၂၃ ခုနှစ် ဧပြီလမှ -၂၀၂၄ ခုနှစ် မတ်လ ဘဏ္ဍာရေးနှစ်အတွက် ဝန်ထမ်းများအား နှစ်စဉ်ဆုကြေး (Annual Bonous)အား ၂၈-၄-၂၀၂၄ ရက် နေ့တွင် ပေးအပ်ခဲ့ပါသည်။

## ၄.၄.၅ အကျိုးစီးပွားဆိုင်ရာ သက်ဆိုင်သူများနှင့် ချိတ်ဆက်မှု

PROVEN GROUP OF COMPANIES ၏ အကျိုးစီးပွားဆက်နွယ်သူများမှာ အစုရှယ်ယာရှင်များ/ ရင်းနှီးမြှုပ်နှံသူများ၊ သုံးစွဲသူများ၊ ပစ္စည်းတင်သွင်းသူများ၊ ဝန်ထမ်းများ၊ နိုင်ငံတော်အစိုးရနှင့် အာဏာပိုင် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့၊ ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ ဖြစ် ကြပါသည်။

PROVEN GROUP OF COMPANIESအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ရရှိနေစေရန် အကျိုးစီးပွားဆက်နွယ်သူများကို အောက်ပါ နည်းလမ်းများဖြင့် ထိတွေ့ပြီးၤင်း တို့နှင့် ပတ်သက်သည့် ကိစ္စရပ်များကို တုန့်ပြန် ဖြေရှင်း ဆောင်ရွက်ပေးပါသည်။

| အကျိုးစီးပွား ဆက်နွယ်သူများ | ကျွန်ုပ်တို့ဘယ်လို ချိတ်ဆက်ဆောင်ရွက်ကြသလဲ | ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဆောင်တာများ | SDGs |
|---|---|---|---|
| အစုရှယ်ယာရှင်များ/ ရင်းနှီးမြှုပ်နှံသူများ | • အစည်းအဝေးများ<br>• အီးမေးလ်၊ ဖုန်းနှင့် စာ<br>• အင်တာနက်စာမျက်နှာ | • ကနဦးတည်ထောင်သော အစုရှယ်ယာရှင်များနှင့် ကောင်းမွန်သော ဆက်ဆံရေးကို ထိန်းသိမ်းခြင်း၊<br>• ဒါရိုက်တာအဖွဲ့ အစည်းဝေးကျင်းပခြင်း၊<br>• Myanmar Institute of Directors (MIOD) မှ ကျင်းပသည့် သင်တန်းသို့ ဒါရိုက်တာအဖွဲ့ဝင်များ တက်ရောက်ခြင်း၊<br>• နှစ်ပတ်လည်အစီရင်ခံစာ ထုတ် ပြန်ခြင်း။ | ၁၆၊ ၁၇ |
| သုံးစွဲသူများ | • အီးမေးလ်၊ ဖုန်းနှင့်စာ<br>• လူမှုမီဒီယာ<br>• ကုန်စည်ပြပွဲ၊ရင်းနှီးတွေ့ဆုံပွဲများ<br>• အလုပ်ရုံဆွေးနွေးပွဲများ<br>• အင်တာနက်စာမျက်နှာ | • အရည်အသွေးထိန်းချုပ်ခြင်း၊<br>• ဒေသဆိုင်ရာအရောင်းနှင့်ဝန်ဆောင်မှုစင်တာများ ဖွင့်လှစ်ခြင်း၊<br>• Provenအသိအမှတ်ပြု လေ့ကျင့်သင်ကြား ရေး ဝန်ဆောင်မှုစင်တာများ ဖန်တီး ပေးထားခြင်း၊<br>• ပြန်လည်အသုံးပြုရန်အတွက်ဘက်ထရီအိုးဟောင်းများ ဝယ်ယူခြင်း။ | ၄၊ ၇၊ ၁၀၊ ၁၂ |
| ပစ္စည်းတင်သွင်းသူများ | • အီးမေးလ်၊ ဖုန်းနှင့် စာ<br>• အစည်းအဝေးများ<br>• ဗီဒီယိုဖြင့်ပြုလုပ်သော အစည်းအဝေးများ | • ကုန်ပစ္စည်း/ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် ပံ့ပိုးမှု<br>• မြန်ဆန်သောငွေပေးချေမှုများပြုလုပ်ခြင်းနှင့် တိုင်တန်းမှု များအား ယဉ်ကျေးစွာ ဖြေရှင်းပေးခြင်း၊<br>• မူဝါဒနှင့် ကျင့်ဝတ်စည်းကမ်းများအား မျှဝေခြင်း၊<br>• ပစ္စည်းတင်သွင်းသူများ၏ ဖွံ့ဖြိုးရေးအစီအစဉ်များ လုပ်ဆောင်ပေးခြင်း။ | ၁၊ ၈၊ ၉၊ ၁၀၊ ၁၆ |
| ဝန်ထမ်းများ | • နှစ်စဉ် စွမ်းဆောင် ရည်ပြန်လည် သုံးသပ်ချက်များ<br>• ရုံးတွင်းအင်ထရာ၊အင်တာနက်၊ အီးမေးလ်နှင့် ဖုန်း<br>• အသိပေးတိုင်ကြားခြင်း<br>• သင်တန်း၊ အလုပ်ခွင် လေ့ကျင့်ရေး<br>• အစည်းအဝေးများ<br>• ဝန်းထမ်းများ၏ စစ်တမ်းများ<br>• ဆွေးနွေးပွဲများ<br>• ကျင့်ဝတ်စည်းမျဉ်း<br>• ဝန်ထမ်းထု တွေ့ဆုံပွဲ၊ ဝန်ထမ်းဆုချီးမြှင့်ခြင်းနှင့် မိတ်ဆုံ စားပွဲ၊<br>• သက်ဆိုင်ရာ လူ့စွမ်းအားရင်းမြစ် ဌာနနှင့် ဝန်ထမ်းများ လိုအပ်သလို တွေ့ဆုံခြင်း | • ကောင်းမွန်မျှတသော လစာပေးခြင်း၊ ကျွမ်းကျင်မှုသင် တန်းများ ထောက်ပံ့ပေးခြင်း၊ သက်ဆိုင်ရာ အရင်း အမြစ် များ ထောက်ပံ့ပေးခြင်း၊ လုံခြုံမှုရှိသော လုပ်ငန်း ခွင် ဖြစ်စေခြင်း၊ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုနှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုသင်တန်းများပြုလုပ်ပေးခြင်းနှင့် နာမကျန်း မှု အတွက် ထောက်ပံ့ငွေပေးခြင်း၊<br>• ဝန်ထမ်းငှားရမ်းခြင်း၊ သင်တန်းပေးခြင်းနှင့် ရာထူးတိုးမြှင့် ခြင်းများအတွက် ကျား၊မ၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ ခွဲခြားမှုမရှိဘဲ တန်းတူအခွင့်အရေး ရစေခြင်း၊<br>• ထုတ်လုပ်မှုလုပ်ငန်းခွင်အတွင်းရှိ ဝန်ထမ်းများအား ဆေးစစ်ခြင်း ပြုလုပ်ပေးခြင်း၊<br>• ဝန်ထမ်းအားလုံးအတွက် ထောက်ပံ့ရေးလုပ်ငန်းများ စီမံပေးခြင်း။ | ၁၊ ၂၊ ၃၊ ၄၊ ၆၊ ၈၊ ၁၃<br><br>၃၊ ၅၊ ၊ ၈၊ ၁၀ |
| အစိုးရနှင့် အာဏာပိုင် အဖွဲ့အစည်းများ | • အီးမေးလ်၊ ဖုန်း နှင့် စာ<br>• ပြဋ္ဌာန်းချက်များ၊ စည်းမျဉ်းများ အတိုင်းလိုက်နာခြင်း<br>• အစည်းအဝေးများ တက်ရောက်ခြင်း၊<br>• စုံစမ်း ထိတွေ့ ဆက်ဆံခြင်း | • သတ်မှတ် အခွန်အခများ ပေးဆောင်ခြင်း၊<br>• လိုင်စင် သက်တမ်းတိုးခြင်း၊<br>• စည်းမျဉ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း။ | ၁၀၊ ၁၆ |

## ၄.၄.၆ စီမံ အုပ်ချုပ်မှု (Governance) ဆိုင်ရာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် နှင့် ရည်မှန်းချက်များ နှင့် ဆောင်ရွက်ထားမှု အခြေအနေ

| 8 DECENT WORK AND ECONOMIC GROWTH | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES အနေဖြင့် အဓမ္မခိုင်းစေမှုနှင့် ကလေးအလုပ်သမား ခိုင်း စေမှုအား လက်ခံကျင့်သုံးမှုမရှိခြင်း ၊ GROUP OF COMPANIES ၏ လုပ်ငန်းခွင်များအား ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်စေရန် ၊ သင့်တော်ကောင်းမွန်သည့် အလုပ် အကိုင်များ(decent work) ဖြစ်စေရေး အစဉ်ဆောင်ရွက်ပေးခြင်း ၊ တည်ဆဲ ဥပဒေပါ အလုပ်သမား အခွင့်အရေးများ ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင် အမှတ် (၈)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ ပါသည် | 8.5<br>8.6<br>8.7<br>8.8 |

| 9 INDUSTRIES, INNOVATION AND INFRASTRUCTURE | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES သည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုရှိသည့် လုပ်ငန်းစုတစ်ရပ်ဖြစ်ရန်၊ resource-use efficiency လုပ်ငန်းခွင်များ ဖြစ်နေစေရန် မူဝါဒများ ဆောင်ရွက်ပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၉)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 9.2<br>9.4 |

| 11 SUSTAINABLE CITIES AND COMMUNITIES | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES သည် နှစ်စဉ် ပြောင်းလဲနေသည့် စားသုံးသူဆိုင်ရာနှုန်းထားနှင့် ကိုက်ညီအောင် လုပ်ခလစာများအား ပြင်ဆင်သတ်မှတ်ပေးခြင်း၊ ဝင်ငွေရရှိမှုခိုင်မာအောင် ဆောင်ရွက်ပေးခြင်း၊ ဝန်ထမ်းများအနေဖြင့် ဘေးကင်းလုံခြုံပြီး ကျန်းမာသန့်ရှင်းစွာ နေထိုင်သည့် နှုန်းထားသင့်တော်သော အိုးအိမ် ဝယ်ယူနိုင်ရေး အတိုးမပါသည့် ချေးငွေများ သတ်မှတ်ဆောင်ရွက်ပေးခြင်း၊ အခြားအကြောင်းများကြောင့် ဖြစ်ပေါ်သည့် ငွေကြေးပိုင်းဆိုင်ရာ အကြပ်အတည်းများကို အတိုးမဲ့လစဉ်အရစ်ကျဖြင့် ပေးဆပ်နိုင်သည့် ချေးငွေများ ရယူနိုင်စေရန် ဆောင်ရွက်ထားပေးခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင် အမှတ်(၁၁)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 11.1<br>11.5 |

| 12 RESPONSIBLE CONSUMPTION AND PRODUCTION | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES တွင် ပါဝင်သည့် စက်ရုံများ၊ လုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု ISO 14001 ရယူထားပြီး မိမိတို့၏ ထုတ်လုပ်မှု လုပ်ငန်းစဉ်ကြောင့်လည်းကောင်း၊ အသုံးပြုသည့် ဓါတုပစ္စည်းများကြောင့်လည်းကောင်း သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ထိရောက်ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်တစ်ရပ်ထူထောင်ထားပြီး ဆောင်ရွက်နေခြင်း၊ စွန့်ထွက် ပစ္စည်းများ လျော့ကျအောင် ရည်မှန်းချမှတ် လုပ်ဆောင်ခြင်း၊ GROUP OF COMPANIES လုပ်ငန်းစဉ်အတွက် ဝယ်ယူမှုများအား သဘာပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရင်းမြစ်ဆိုင်ရာ ထိရောက်မှုရှိစေရေး လုပ်ဆောင်ပေးနေခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အမှတ် (၁၂)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်ခဲ့ပါသည်။ | 12.2<br>12.4<br>12.5<br>12.6<br>12.7 |

| 16 PEACE, JUSTICE AND STRONG INSTITUTIONS | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIES၏ ဝန်ထမ်းတိုင်းသည် လာဘ်ပေးလာဘ်ယူမှု ကျင့်သုံးမှု မရှိစေရေး Code of Conduct ဖြင့် ထိန်းကျောင်းပေးခြင်း၊ GROUP OF COMPANIES တစ်ခုလုံးအနေဖြင့် ကော်ပိုရိတ်စီမံခန့်ခွဲမှု ကျင့်သုံးပြီး အဆင့်တိုင်းတွင် ပွင့်လင်း မြင်သာမှု ရှိစေရန်နှင့် မည်သည့်ခွဲခြားမှုမျိုးမှမရှိစေရေး လုပ်ကိုင်ဆောင်ရွက်နေခြင်း၊ စီမံခန့်ခွဲမှု အဆင့်တိုင်းတွင် ဆုံးဖြတ် လုပ်ပိုင်ခွင့်ရှိခြင်း၊ လုပ်ငန်းခွင်များတွင် အလုပ်သမား အဖွဲ့အစည်းများအား တည်ဆဲ အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဖွဲ့စည်းပေးထားခြင်းဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှု ပန်းတိုင်အမှတ် (၁၆)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 16.5<br>16.6<br>16.7<br>16.10<br>16b |

| 17 PARTNERSHIPS FOR THE GOALS | ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုး တိုးတက်မှုပန်းတိုင်နှင့် ရည်မှန်းချက်များ |
|---|---|
| PROVEN GROUP OF COMPANIESသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ကျင့်ဝတ်သိက္ခာရှိသည့် GROUP OF COMPANIES တစ်ရပ်အဖြစ် ရပ်တည်နေအောင် စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်နေခြင်း၊ အဆိုပါ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်းပြီး Compliance and Sustainability Officer တစ်ဦးခန့်ထားကာ ဆောင်ရွက်နေခြင်းတို့ဖြင့် ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်အမှတ် (၁၇)ပါ ရည်မှန်းချက်များနှင့် ကိုက်ညီအောင်ဆောင်ရွက်ခဲ့ပါသည်။ | 17.5<br>17.6<br>17.7<br>17.10<br>17b |

# အခန်း(၅)

# ဒါရိုက်တာအဖွဲ့၏ တင်ပြချက်

# PROVEN GROUP OF COMPANIES



# ဒါရိုက်တာအဖွဲ့၏ တင်ပြချက်

၂၀၂၅ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့၏ တင်ပြချက်ကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာ စံများ (International Financial Reporting Standards) တို့နှင့်အညီ ပြုစုထားပါသည်။

## (က) ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များ စီမံခန့်ခွဲမှု

ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များအား စီမံခန့်ခွဲမှု ရှင်းလင်းချက်ကို စာမျက်နှာ (၆၂) တွင် ပြည့်စုံစွာ ဖော်ပြထားပါသည်။

## (ခ) အစုရှယ်ယာအမြတ်ခွဲဝေခြင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အမြတ်ဝေစုခွဲဝေခြင်းအား ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ အကောင်အထည် ဖော်ဆောင်ရွက်ရန် ဖြစ်ပါသည်။

## (ဂ) သိသာထင်ရှားသော လုပ်ငန်းပိုင်းဆိုင်ရာ အပြောင်းအလဲများ

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် Solar Energy နှင့် ပတ်သက်သည့် စက်ပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းတိုးချဲ့ခြင်း၊ Proven Technology Industry Co., Ltd. တွင် Plant 3 အသစ်တည်ဆောက်ရေး လုပ်ငန်း၊ Proven Distribution Co., Ltd. တွင် ရုံးခွဲများတိုးချဲ့ဖွင့်လှစ်ခြင်း၊ Proven Group of Companies တွင် အစုရှယ်ယာများ ထပ်မံထည့်ဝင်ခြင်းနှင့် ယင်းလက်အောက်ရှိ ညီနောင် ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုများ အသစ်များပြုလုပ်ပြီး လုပ်ငန်းတိုးချဲ့ခြင်းများ၊ မြေနှင့် အဆောက်အဦများ တိုးချဲ့ခြင်းများ လုပ်ကိုင်ခဲ့ပါသည်။

## (ဃ) ကုမ္ပဏီအသစ်များ တိုးချဲ့တည်ထောင်ခြင်း

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် Proven Energy Co., Ltd.၊ Proven Properties Co., Ltd.၊ Proven Engineering Co., Ltd. နှင့် Proven Autoparts & Care Co., Ltd. တို့ကို ဖွဲ့စည်းတည်ထောင်ပြီး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများကို Proven Group of Companies မှ ထည့်ဝင်ထားပါသည်။

## (င) ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ပြီး နောက်ပိုင်း ကာလ

ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်ပြီးနောက်ပိုင်းကာလတွင် အရေးပါသော ပြောင်းလဲမှုများ မရှိကြောင်း တင်ပြအပ်ပါသည်။

## (စ) ပြင်ပစာရင်းစစ်

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖြစ် Proven Distribution Co., Ltd.၊ Proven Polyworld Co., Ltd.၊ Proven International Co., Ltd. နှင့် Yangon Metal Industry Co., Ltd. တို့အတွက် MNA Audit Firm ကို လည်းကောင်း၊ Proven Technology Industry Co., Ltd. အတွက် AKO Audit Firm ကို လည်းကောင်း Proven Group of Companies အတွက် JF Audit Firm ကို လည်းကောင်း ခန့်အပ်နိုင်ရန် ဒါရိုက်တာအဖွဲ့က နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ ဆုံးဖြတ်ချက်ကို ရယူသွားမည် ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့ကိုယ်စား

သန်းထိုက်လွင်

အမှုဆောင် အရာရှိချုပ်

PROVEN
GROUP OF COMPANIES

info@proven.com.mm

www.proven.com.mm

Corporate Contact No. (+95) 9 880 876 920
Office No. (+95-1) 7 531 030 , 7 531 041 , 7 527 667

No. F/S-14, Shwe Sabai Yeik Mon, Bayintnaung Road,
Kamaryut Tsp, Yangon, Myanmar.